# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁)ရက် ၊ စနေနေ့ ၊ (9-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အခမ်းအနားများကျင်းပ



ရန်ကုန် ဩဂုတ် ၈

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် မေတ္တာအခါတော်နေ့ အခမ်းအနားများကို ယနေ့နံနက် ၅ နာရီခွဲမှ စတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ညှော့ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့်ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ မေတ္တာအခါတော်နေ့အသံမစဲမေတ္တာပို့အောင်ပွဲအခမ်းအနားကို စာမျက်နှာ ၂၁ ကော်လံ ၄

## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဩဂုတ် ၈

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၀ ရက်မှ ၁၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

**ထိုင်းဘုရင့်လေတပ်မှ အဆင့်မြင့်အရာရှိကြီးများ ခရီးစဉ်လာရောက်**

စာမျက်နှာ- ၁၉

**နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ- ၂၀




ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်၏ပညာရေးကဏ္ဍမြင့်မားရေး လက်တွဲအားပေး

ယခုရက်ပိုင်း သတင်းမီဒီယာများ၌ ထုတ်လွှင့်ဖော်ပြနေသော သတင်းများတွင် ပြီးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာဌာနအလိုက် ဂုဏ်ပြုချီးမြှင့်မှုများ တွေ့မြင်ဖတ်ရှုရသည်မှာ နိုင်ငံတော်၏ ပညာရည်ဖွံ့ဖြိုးမှုကို အားပေးမှုဖြစ်သည့်အတွက် မုဒိတာပွား ဝမ်းမြောက်ရသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည်။ နိုင်ငံတွင်း၌ ပညာရည်ထူးချွန်မြင့်မားသော လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေးအတွက် ပညာရေးကို ရေရှည်မြင့်မားအောင် အားပေးမြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံး၊ အထိရောက်ဆုံး နည်းလမ်းတစ်ခုဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များတွင် အသိပညာနှင့်အတတ်ပညာ ဟန်ချက်မျှတစွာ စွမ်းရည်မြင့်မားမှုမရှိပါက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အသီးသီး၌ အားနည်းချက်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ် ကောင်းမွန်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပညာရေးကဏ္ဍအဆင့်မြင့်မားအောင် သက်ဆိုင်ရာတာဝန်ရှိသူများသာမက မိဘပြည်သူအပေါင်းကလည်း လက်တွဲပူးပေါင်း အားပေးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

အမှန်တကယ်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတို့၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အားလုံးက ဘက်စုံထောင့်စုံက ဆောင်ရွက်နိုင်မှသာ မိမိနိုင်ငံနှင့်လူမျိုးသည် ခေတ်နှင့်အမီ ကမ္ဘာနှင့်အညီ အနာဂတ်ကို လျှောက်လှမ်းနိုင်မည်သာဖြစ်သည်။ မိမိနိုင်ငံ၏ တွင်းထွက်သယံဇာတများ မည်မျှပင်ပေါကြွယ်ဝစေကာမူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည့်စုံမှုမဖြစ်သေးဘဲ ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံတော်အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျလျက်ရှိသည်။ ထို့ကြောင့် ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများသည် နိုင်ငံ၏ပညာရေးကဏ္ဍတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သည့်နည်းတူ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍမြင့်မားတိုးတက်ရေးကို အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ ကြုံဆုံလာသော စိန်ခေါ်မှုအမျိုးမျိုးကို အသိပညာ၊ အတတ်ပညာတို့ကို အခြေခံ၍ ရင်ဆိုင်ကျော်လွှားကြရစဉ်တွင် အသိပညာ၊ အတတ်ပညာ အားနည်းချက်ရှိသော နိုင်ငံများက အခက်အခဲမျိုးစုံ ကြုံတွေ့ကြရသည်။ ထိုသို့သော အခြေအနေများကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွက် အသိပညာ၊ အတတ်ပညာ ဟန်ချက်မျှတ စွမ်းရည်မြင့်မား ထူးချွန်သောလူငယ်များပေါ်ထွန်းလာရေးအတွက် လူငယ်တို့၏ထူးချွန်ပြောင်မြောက်မှု၊ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် ထိုက်တန်သည့်ဂုဏ်ပြုချီးမြှင့်ခြင်းများကို အလေးထားဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ကြသဖြင့် ဂုဏ်ပြုခံကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ယခုကဲ့သို့ အောင်မြင်မှုများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းနိုင်အောင်၊ မိမိနိုင်ငံအတွက် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။ ပညာမြင့်မှလူမျိုးတင့်မည်ဟူသော ဆိုစကားနှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားတို့၏ ပညာရည်မြင့်မားလာပါက နိုင်ငံတော်သည်လည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ကမ္ဘာ့အလယ်တွင် ဂုဏ်တင့်လာမည်ဖြစ်ပါသဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြင့်မားတိုးတက်ရေးကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး လက်တွဲညီညီ အားပေးဖော်ဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမီးလောင်ခဲ့သည့် မန္တလေးတက္ကသိုလ် ပင်မဆောင် ပြန်လည်ပြုပြင်တည်ဆောက်ခြင်း ကြည့်ရှုစစ်ဆေး



**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဩဂုတ် ၇ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မန္တလေးလျှင်ကြီးကြောင့် လျှင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော မန္တလေးတက္ကသိုလ် ပင်မဆောင်အဆောက်အအုံကို မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းကို သတ်မှတ်ကာလအတွင်းပြီးစီးရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ပင်မဆောင် အဆောက်အအုံသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား မန္တလေးတက္ကသိုလ် ပင်မဆောင် မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး ဗိသုကာဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်နှင့်အဖွဲ့ဝင်၊ မန္တလေးနည်းပညာတက္ကသိုလ် ဗိသုကာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာသက်ဦးနှင့် တာဝန်ရှိသူများက အဆောက်အအုံကို မူလပုံစံမပျက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အရည်အသွေးပြည့်မီပြီး ပိုမိုခိုင်ခံ့ရေးနှင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၃၂၉ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၀၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မြေပဲ ၁၁၃၂၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၁၀၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့က အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊အလုပ်သမားခများ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ကောက်ညှင်းစပါးတင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ကောက်ညှင်းစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ တစ်လအတွင်းက ကောက်ညှင်းစပါးတင်းရေ ၆၀၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဒေးဒရဲမြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်လာတာဖြစ်ပါတယ်။ အခုလို ကောက်ညှင်းစပါးတွေ ဝယ်ယူအားကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေ၊ ကုန်သည်တွေ အလုပ်အကိုင်အဆင်ပြေလျက်ရှိပါတယ်။ ပြည်တွင်း ဆန်စပါးဈေးကွက်မှာကို ကောက်ညှင်းစပါးကအဝယ်လိုက်နေပါတယ်"ဟု ဒေးဒရဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ခင်ခင်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အဓိကသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တွေ့ဆုံပွဲနှင့် မျိုးစေ့ချကိရိယာများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်



**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တွေ့ဆုံပွဲ၊ လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)များပေးအပ်ပွဲနှင့် ကွင်းသရုပ်ပြသပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အမရပူရခရိုင် အမရပူရမြို့နယ်ရှိ တမုတ်ဆိုးကျေးရွာအုပ်စု ဂျိုရွာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် သီးနှံဖြစ်ထွန်းမှု ပိုမိုအားကောင်းပြီး အထွက်နှုန်းပြည့်မီရေးတွင် များစွာအထောက်အကူပေးသည့် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) အလက် ၁၀၀ ကို တောင်သူများလက်ဝယ် ပေးအပ်သည့် အခမ်းအနားဖြစ်ကြောင်း၊ လိုအပ်သည့် တောင်သူများထံသို့လည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ဧကများ အထွက်နှုန်းတိုးတက်စေရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး မျိုး၊ မြေ၊ ရေ၊ နည်းများကို စနစ်တကျအသုံးပြုပြီး တောင်သူများ လိုက်ပါဆောင်ရွက်မှု အားကောင်းစွာဖြင့် အားလုံးဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လုပ်ငန်းစီမံချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာတိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက မျိုးစေ့ချကိရိယာ(Drum Seeder)များ၊ ပိုက်ဆန်လျှော်(သစ်စိမ်း) မြေသြဇာ၊ မျိုးစေ့အိတ်များနှင့် ယူရီးယား ဓာတ်မြေသြဇာအိတ်များကို တောင်သူများထံသို့ ပေးအပ်ခဲ့ပြီး မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် မိုးစပါးစိုက်ပျိုးမှုကွင်းသရုပ်ပြသခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၉၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဘုတလင် ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၉၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၉၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ စပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# တံတားဦးမြို့နယ် ပန်းယျု(တ)ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းယျုကျေးရွာအုပ်စု ပန်းယျု(တ)ကျေးရွာ၌ ကျေးရွာမတည်စီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးရွာမတည်စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၈ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပန်းယျု(တ)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ငပုတောမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေ

**ငပုတော ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက် ခရမ်းသီးများကို ယခုနှစ် ဩဂုတ်လပထမပတ်မှစတင်ပြီး ယနေ့ထိ ကုန်စိမ်းဈေးကွက်များမှ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်တွေကပါ အဝယ်များနေပါတယ်။ ငပုတောမြို့နယ်ကနေ အခြားဒေသတွေကို တစ်ရက်ကို ခရမ်းသီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒီနှစ် ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလဲ ကောင်းနေပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော အရှည်သီးကော နှစ်မျိုးစလုံးအရောင်းအဝယ်ကောင်းမွန်နေတာပါ"ဟု ငပုတောမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

ငပုတောမြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ခရမ်းသီးများအပါအဝင် အခြားကုန်စိမ်းများကို ငပုတောဈေးကွက်အပြင် မော်လမြိုင်ကျွန်း၊ ကျိုက်လတ် စသည့်ဒေသများသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင် ကီဝီသီးအကြောင်း သိကောင်းစရာများ

ဒေါက်တာလပြည့်ခင်

**ကီဝီသီး (Kiwi Fruit)**

ကီဝီသီးသည်အရသာကောင်းမွန်ပြီး ကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိသည့် အသီးအနှံတစ်မျိုးဖြစ်သည်။ အင်္ဂလိပ်အမည်မှာ Kiwi Fruit ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Actinidia Deliciosa, A. Arguta ဖြစ်သည်။ ကီဝီသီးမျိုးစိတ် အမျိုးမျိုးရှိသည့်အနက် စိုက်ပျိုးမှုများသော ကီဝီသီးမျိုးစိတ်သည် Actinidia Deliciosa ဟုခေါ်သော ဘဲဥပုံအသီးမျိုးဖြစ်သည်။ ကီဝီသီးအရွယ်အစားမှာ အများအားဖြင့် အချင်း ၄ ဒသမ ၅ မှ ၅ ဒသမ ၅ စင်တီမီတာနှင့် အလျား ၅-၈ စင်တီမီတာထိရှိသည်။ ကီဝီသီးသည် အခွံပါးပြီးအပေါ်တွင် အမွေးကြမ်းများ ခပ်ကျဲကျဲပါပြီး ၎င်းအခွံကိုလည်း စားနိုင်သည်။ အတွင်းအသားမှာအစိမ်းနုရောင်ဖြစ်ပြီး ထက်ခြမ်းခွဲပါက အနက်ရောင်အစေ့များကို အကွင်းလိုက်တွေ့နိုင်ပြီး အသားပျော့၍ အရသာမှာချိုသည်။ ကီဝီသီးသည် အအေးဓာတ်ရှိပြီး ဗီတာမင် C ကြွယ်ဝကာ အစိမ်းရောင် အတွင်းသားသည် အရသာမှာ ချိုချဉ်ဖြစ်ကာ သရက်ရွက်နှင့် အစာအိမ်အတွက် ကောင်းကျိုးများစွာရှိသည်။ ကီဝီသီးမျိုးစိတ်ပေါင်း ၆၀ ခန့်ထိရှိပြီး မျိုးစိတ်များအပေါ်မူတည်၍ အသီးများ၏ အရွယ်အစား၊ အရောင်၊ အမွေးပါခြင်း၊ အသား၊ အရသာနှင့်အရည်ရွှမ်းခြင်းတို့ကွဲပြားသည်။

**ကီဝီသီး၏ ဇာတိရင်းမြစ်**

ကီဝီသီးပင်၏ မူရင်းဒေသမှာ တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများဖြစ်ပြီး စုန်မင်းဆက်လက်ထက်တွင် အစောဆုံးမှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ၂၀ ရာစု အစောပိုင်းတွင် တရုတ်နိုင်ငံမှတစ်ဆင့် နယူးဇီလန်နိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံနှင့် အမေရိကထိ ပျံ့နှံ့လာပြီးနောက် စနစ်တကျစိုက်ပျိုးကာ ဈေးကွက်ထဲ တင်ပို့ရောင်းချရသည်ထိ ဖြစ်လာခဲ့သည်။ ရုရှားနိုင်ငံတွင် ကီဝီသီးများကို Krasnodar နယ်မြေနှင့် Dagestan တောင်ပိုင်းရှိ ပင်လယ်နက်ကမ်းရိုးတန်းတွင် စိုက်ပျိုးကြသည်။ ၂၀၁၈ ခုနှစ်တွင် တစ်ကမ္ဘာလုံးစားသုံးသည့် ကီဝီသီးပမာဏ၏ထက်ဝက်ခန့်ကို တရုတ်နိုင်ငံမှ စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည်။ ကီဝီသီးသည် နေရာဒေသမျိုးစုံတွင် စိုက်ပျိုးနိုင်ပြီး တစ်နှစ်ပတ်လုံးလိုလို ရရှိနိုင်သည်။

**ကီဝီသီးတွင်ပါဝင်သော အာဟာရဓာတ်များ**

ကီဝီသီးတွင်ဗီတာမင် B များစွာပါဝင်ပြီး ဗီတာမင် B1 ၊ ဗီတာမင် B2 ၊ ဗီတာမင်B6၊ ဗီတာမင် B9၊ ကာဗိုဟိုက်ဒရိတ် (Carbohydrate)၊ ဆယ်လူလို့စ် (Callulose)၊ဖောလစ်အက်စစ် (Follic Acid)၊ဗီတာမင် A ၊ ဗီတာမင် C၊ ဗီတာမင် K၊ ဗီတာမင် E ၊ ဖောလိတ် (Folate)၊ ခယ်လီယမ်၊ဆိုဒီယမ် (Na)၊ ကယ်လ်စီယမ် (Ca)၊ မဂ္ဂနီစီယမ် (Mg)၊မီးစုန်းဓာတ် (P)၊ သွပ်ဓာတ် (Sn) မဂ္ဂနီးစ် (Mn)၊ ဖလိုရင်း (Fluorine)၊ ကလိုရင်း (Cl)၊ ဆာလဖာ (S)၊ ဆာလဖာ (F)၊ ဖော့စဖရတ် (P) နှင့် ပိုတက်စီယမ် (K) အစရှိသည့် အာဟာရဓာတ်များ ပြည့်ဝစွာပါဝင်သည်။ ထို့ပြင် ကီဝီသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ(Antioxidants)နှင့်အမျှင်ဓာတ် (Fiber)လည်းကြွယ်ဝစွာ ပါဝင်သည်။ ကီဝီသီး ၁၀၀ ဂရမ်တွင် ကိုလက်စထရော လုံးဝမပါဝင်ဘဲ စွမ်းအင် ၆၁ ကယ်လိုရီ၊ အဆီ ၀ ဒသမ ၅ ဂရမ်၊ ဆိုဒီယမ် ၃ ဂရမ်၊ ပိုတက်စီယမ် ၃၁၂ ဂရမ်၊ စုစုပေါင်း ကာဗိုဟိုက်ဒရိတ် ၁၅ ဂရမ်နှင့် ပရိုတင်း ၁ ဒသမ ၁ ဂရမ်နှင့် ဗီတာမင် C ၂၀၀ ရာခိုင်နှုန်း၊ ဗီတာမင် K ၃၃ ဒသမ ၆ ရာခိုင်နှုန်း၊ ပိုတက်စီယမ် (KP ၁၂ရာခိုင်နှုန်း၊ ဆီလီကွန်(Si) ၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ကြေးနီ (Cu) ၁၃ ရာခိုင်နှုန်း၊ မော်လီဘင်နမ် (Mo) ၁၄ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်သည်။ ကီဝီသီး၏ကျန်းမာရေးအပေါ်အကျိုးပြုပုံများကို ဆက်လက်ဖော်ပြသွားပါမည်။

**ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးခြင်း**

ကီဝီသီးတွင် အာဟာရဓာတ် သိပ်သည်းစွာပါဝင်ပြီး ဗီတာမင် C လည်း ကြွယ်ဝစွာပါသည်။ ကီဝီသီး တစ်ခွက်စာတွင် တစ်နေ့တာ ဗီတာမင် C လိုအပ်ချက်၏ နှစ်ဆခန့်ထိ ပါဝင်သည်။ ဗီတာမင် C သည် မရှိမဖြစ် အရေးကြီးသည့် အာဟာရဓာတ်ဖြစ်ပြီး ရောဂါဘယများကို တိုက်ထုတ်ပေးနိုင်ရန် ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးသည်။ ကီဝီသီးသည် အထူးသဖြင့် လူကြီးပိုင်းနှင့်ကလေးငယ်များကဲ့သို့ ရောဂါဖြစ်လွယ်သည့် အသက်အရွယ်ပိုင်းများ၏ ကိုယ်ခံအားကိုကောင်းမွန်စေပြီး အအေးမိခြင်း၊ တုပ်ကွေးစသည်တို့ကို ကာကွယ်ပေးနိုင်သည်ဟု သုတေသနတစ်ခုတွင် ဖော်ပြထားသည်။ ထို့ကြောင့် ကီဝီသီးကို နေ့စဉ်ပုံမှန် စားသုံးပေးခြင်းဖြင့် ရောဂါပိုးမွှားများ ကူးစက်မှုအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်သကဲ့သို့



ခန္ဓာကိုယ်၏ ခုခံစွမ်းအားစနစ်ကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည်။

**သွေးတိုးကျစေခြင်း**

တစ်ရက်ကို ကီဝီသီးသုံးလုံး စားပေးခြင်းဖြင့် ခန္ဓာကိုယ်ခုခံစွမ်းအားစနစ်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ သွေးပေါင်ချိန်မြင့်တက်မှုကိုလည်း ထိန်းပေးနိုင်သည်။ ရေရှည်တွင် သွေးတိုးခြင်းနှင့် ဆက်စပ်ပြီးဖြစ်တတ်သည့် လေဖြတ်ခြင်း၊ နှလုံးထိခိုက်ခြင်းတို့ကို ဖြစ်နိုင်ခြေလျော့ကျစေနိုင်သောကြောင့် ကီဝီသီးသည် သွေးပေါင်ချိန်အပေါ် များစွာသက်ရောက်မှုရှိသည်ဟု ဆိုနိုင်သည်။

**သွေးခဲနိုင်ခြေကိုလျော့ကျစေခြင်း**

ကီဝီသီးသည် သွေးတိုးကိုကျစေရုံသာမက သွေးခဲခြင်းကိုလည်း ကာကွယ်ပေးသည်။ ကီဝီသီးကို တစ်ရက်နှစ်လုံးသုံးလုံးခန့် စားပေးခြင်းသည် သွေးခဲနိုင်ခြေကို သိသိသာသာလျော့ကျစေပြီး သွေးထဲတွင်ရှိသည့် အဆီဓာတ်များပြားလာခြင်းကိုလည်း လျှော့ချပေးနိုင်သည်။ နေ့စဉ် အက်စ်ပရင်ဆေးသောက်နေသကဲ့သို့ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုသည်ဟု ဆိုသည်။

**ပန်းနာရင်ကျပ်ကိုသက်သာစေခြင်း**

ကီဝီသီးတွင်ပါဝင်သည့် ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ပန်းနာရင်ကျပ်ရှိသူများအတွက် အထောက်အကူပြုနိုင်သည်။ ကီဝီသီးကို ပုံမှန်စားသုံးခြင်းဖြင့် အဆုတ်၏ပုံမှန်လုပ်ငန်းတာဝန်များကို အကျိုးပြုသည်ဟု သုတေသနအချို့အရ သိရသည်။

**အစာကြေစေခြင်း**

ကီဝီသီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ပြီး အစာခြေစနစ်ကို များစွာအထောက်အကူဖြစ်စေသည်။ ထို့ပြင် ကီဝီသီးတွင် Actinidin ဟုခေါ်သည့် အင်ဇိုင်းတစ်မျိုးပါဝင်ပြီး ခန္ဓာကိုယ်တွင်း ပရိုတင်းကို ချေဖျက်ရာတွင် အထောက်အကူများစွာ ပေးစွမ်းနိုင်ပြီး ကောင်းစွာဖြိုခွဲပေးနိုင်သည်။ ကီဝီသီးမှထုတ်လုပ်ထားသော ဖြည့်စွက်ဓာတ်စာသည် အစာကြေစေနိုင်သည့် အာနိသင်ရှိသည်။

**ရောဂါအခြေအနေတချို့ကိုဖြစ်နိုင်ခြေလျှော့ချပေးခြင်း**

ဓာတ်တိုးဖိစီးခြင်းသည် မျိုးရိုးဗီဇဒီအန်အေ (DNA) အပေါ်ထိခိုက်မှုရှိသည်။ ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်ခြင်းကို ဦးတည်စေသည်။ ကီဝီသီးတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ဓာတ်တိုးဖိစီးခြင်းကို လျှော့ချခြင်းအားဖြင့် ရောဂါဘယများဖြစ်နိုင်ခြေကို လျော့နည်းစေသည်။ ဥပမာအားဖြင့် ဓာတ်တိုးဖိစီးခြင်းကြောင့် DNA ထိခိုက်မှုရှိခြင်းသည် အူမကြီးကင်ဆာဖြစ်ပွားမှုနှင့် သိသိသာသာဆက်စပ်နေပြီး ကီဝီသီးကိုပုံမှန်စားသုံးပေးခြင်းဖြင့် ကာကွယ်ပေးနိုင်သည်။

**အမြင်အာရုံပျက်စီးခြင်းကိုကာကွယ်ပေးနိုင်ခြင်း**

မျက်လုံးအိမ်နောက်ပိုင်းတွင်ရှိသည့် အမြင်လွှာချို့ယွင်းလာခြင်းသည် မျက်စိမမြင်ရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။ ကီဝီသီးတွင် ပါဝင်သည့် Zeaxanthin နှင့် Lutein တို့ပါဝင်မှုကြောင့် တစ်ရက်ကို ကီဝီသီးသုံးလုံးခန့် စားသုံးပေးခြင်းသည် အမြင်အာရုံဝေဝါးခြင်း၊ အမြင်အာရုံနှစ်ထပ်ဖြစ်ခြင်း အစရှိသည့်အမြင်အာရုံပိုင်းဆိုင်ရာ ခံစားရလေ့ရှိသည့်ဝေဒနာများဖြစ်ပွားမှုကို ကာကွယ်နိုင်မည်ဖြစ်ပြီး မျက်စိအမြင်လွှာပျက်စီးခြင်းကို ၃၆ ရာခိုင်နှုန်း လျှော့ချပေးသည်ဟုသိရသည်။

**အရိုးများကိုကြံ့ခိုင်သန်စွမ်းစေခြင်း**

ကီဝီသီးတွင် ဗီတာမင် (K) ၊ ကယ်လ်စီယမ် (Ca) နှင့် ဖော့စဖရတ် (P) ဓာတ်တို့ ပါဝင်မှုကြောင့် အရိုးများကို ကြံ့ခိုင်သန်စွမ်းစေမည်ဖြစ်သည့်အပြင် ဗီတာမင် (K) ကြွယ်ဝစွာ ပါဝင်မှုကြောင့် အရိုးပါးရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

**အဆီကျစေခြင်း**

ကီဝီသီးတစ်လုံးကို ကြိတ်ခြေ၍ သံပရိုသီးတစ်စိတ်၊ ပျားရည် ဇွန်းသေးတစ်ဇွန်း ရောထည့်၍ ဖျော်သောက်ပေးပါက အဆီကျ လှပစေပါသည်။

**တွဲဖက်စားသုံးပေးနိုင်သောအစားအစာများ**

အာဟာရဓာတ်ပြည့်ဝစွာပါသောဒိန်ချဉ်နှင့်ကီဝီသီးတွဲစားပါက အူမကြီးအတွင်းရှိ မကောင်းသည့်ပိုးမွှားများကို ရှင်းလင်းပေးနိုင်ပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ကုသပေးနိုင်သည်။ သံဓာတ်ပါသော အမဲသားနှင့် ကီဝီသီးကိုတွဲစားပေးပါက လူ့ခန္ဓာကိုယ်က သံဓာတ်ကိုပိုမိုစုပ်ယူနိုင်ပြီး သွေးအားနည်းခြင်းကို ကြိုတင်ကာကွယ်ပေးသည်။ ကိုယ်ခန္ဓာကိုယ်အင်အားများတိုးပွားစေပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပေးနိုင်သည်။

**ကီဝီသီးနှင့်တွဲဖက်မစားသင့်သောအစားအစာများ**

ကီဝီသီးနှင့်နွားနို့ကိုတွဲစားမိပါက ဝမ်းပျက်၊ ဝမ်းလျှောဖြစ်တတ်သည်။ ကီဝီသီးနှင့် မုန်လာဥနီအစိမ်းကိုတွဲ၍စားပါက ပါဝင်သော ဗီတာမင် C ချင်းဓာတ်ပြုသောအခါ အာဟာရဓာတ်များ ပျက်စီးဆုံးရှုံးသွားနိုင်သောကြောင့် တွဲမစားသင့်ပါ။ကီဝီသီးနှင့် သခွားသီး တွဲစားမိပါက ပါဝင်သော ဗီတာမင်များ ဓာတ်ပြုသောအခါ အာဟာရဓာတ်များ ပျက်စီးဆုံးရှုံးသွားသောကြောင့် တစ်ပြိုင်တည်း တွဲမစားသင့်ပါ။

**ကီဝီသီးစားသုံးသင့်သူများ**

ကီဝီသီးတွင် အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေသည်။ တစ်နေ့လျှင် ကီဝီသီးသုံးလုံး စားပေးခြင်းဖြင့် သွေးပေါင်ချိန်ကိုထိန်းပေးနိုင်ပြီး ရေရှည်တွင် သွေးတိုးနှင့်ဆက်စပ်ပြီးဖြစ်တတ်သည့် လေဖြတ်ခြင်း၊ နှလုံးထိခိုက်ခြင်းများကိုလည်း လျော့ကျစေနိုင်သည်။ ကီဝီသီးကို အသက်ကြီးငယ်မရွေး စားပေးနိုင်ပြီး အထူးသဖြင့် သွေးတိုးရောဂါရှိသူ၊ နှလုံးသွေးကြောရောဂါရှိသူ၊ နှလုံးအဆို့ရှင်ရောဂါ ဖြစ်နေသူ၊ ဆီးလမ်းကြောင်း ကျောက်တည်နေသူ၊ ဝမ်းချုပ်သူ၊ ကင်ဆာရောဂါရှိသူနှင့် အဆစ်ရောင်တတ်သူများ စားပေးသင့်သည်။

**ကီဝီသီးမစားသုံးသင့်သူများ**

ချိုချဉ်အရသာနှင့်စားသုံး၍ ကောင်းမွန်သည့် ကီဝီသီးသည် လူအများစုနှင့်တည့်သော်လည်း ဓာတ်မတည့်သူများအနေဖြင့် ယားယံခြင်း၊ အင်ပျဉ်ထခြင်း၊ အသက်ရှူခက်ခြင်း အစရှိသည့် လက္ခဏာများ ဖြစ်စေတတ်သည်။ သွေးခဲခြင်းဖြစ်စဉ်ကို နှေးစေသောကြောင့် တစ်ခါတစ်ရံတွင် သွေးယိုခြင်း၊ သွေးထွက်ခြင်း စသည့်ပြဿနာများ ကြုံရနိုင်သောကြောင့် သွေးရောဂါရှိသူများ ရှောင်ရှားသင့်သည်။ ခွဲစိတ်ကုသမှုခံယူရန်ရှိသူများလည်းမစားသုံးသင့်ဟုသိရသည်။ ထို့ပြင် ကီဝီသီးကို ဝမ်းသွားလွယ်တတ်သူ၊ ဝမ်းပျက်ဝမ်းလျှောဖြစ်တတ်သူ၊ ဓမ္မတာလာချိန်တွင် သွေးပမာဏများများဆင်းတတ်သည့် အမျိုးသမီးများ မစားသင့်ကြောင်း သိရသည်။

ကီဝီသီးစား၍ဓာတ်မတည့်ပါက ပါးစပ်၊ လျှာ၊ လည်ပင်းကဲ့သို့ သွားနှင့်ခံတွင်းဆိုင်ရာ နေရာများကို အဓိကပြဿနာပေးသည်။ ကီဝီသီးတွင်ပါဝင်သည့် Actinidin, Thaumatin-like Protein, Kiwellin ကဲ့သို့ ပရိုတင်းဓာတ်များကိုခန္ဓာကိုယ်က တိုက်ခိုက်သည့်အတွက် ဓာတ်မတည့်ခြင်းဖြစ်သည်။ ဓာတ်မတည့်ခြင်းဆိုသည်မှာ လူ့ခန္ဓာကိုယ်တွင်းမှခုခံအားစနစ်က ပြင်ပကဝင်လာသည့်ဓာတ်များကို ပုံမှန်မဟုတ်ဘဲ တုံ့ပြန်သည့်အခါတွင် ကြုံရတတ်သည်။ ဓာတ်မတည့်ခြင်းအမျိုးမျိုးရှိပြီး တစ်ယောက်နှင့်တစ်ယောက်မတူပါ။ ကီဝီသီးစားလျှင် ဓာတ်မတည့်မှုကို ကလေးငယ်များနှင့် လူငယ်ပိုင်းများတွင် ပိုတွေ့ရတတ်သည်။ ကီဝီသီးတွင်ပါဝင်သည့် ပရိုတင်းဓာတ်များကို ထောပတ်သီး၊ သစ်အယ်သီး၊ ငှက်ပျောသီး၊ ပန်းသီး၊ မက်မွန်သီး၊ သင်္ဘောသီး၊ နာနတ်သီး၊ သံလွင်သီး၊ မုန်လာဥ၊ အာလူး၊ ဂျုံ၊ နှမ်းစေ့၊ ဘိန်းစေ့နှင့် မြေပဲစသည်တို့တွင်လည်း ပါဝင်နေသည့်အတွက် ကီဝီသီးနှင့်မတည့်သူများသည် ထိုအစားအစာများကိုလည်း သတိပြုပြီး စားသုံးသင့်သည်။

**ဓာတ်မတည့်လျှင်ပြတတ်သည့်လက္ခဏာများ**

ဓာတ်မတည့်သည့်လက္ခဏာများမှာ အများအားဖြင့် ပြင်းထန်ခြင်း မရှိတတ်ပေ။ ပါးစပ်နှင့်လည်ချောင်းထဲတွင် ယားယံခြင်း၊ လျှာ၊ နှုတ်ခမ်း နှင့်လည်ချောင်းထဲ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၄၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၄၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၆၉၉၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၄၀၉ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စပါး ၆၉၉၉၉ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါး ၂၇၄၀၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ တောင်သူတွေကိုလဲ စပါးစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းတွေကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲဖို့နဲ့ ရွှေခရုရောဂါကင်းဝေးစေဖို့ စိုက်ပျိုးရေး အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက် ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆန်၊ စပါး စားနပ်ရိက္ခာဖူလုံပိုလျှံစေရန် စပါးစိုက်ပျိုးတောင်သူများကို အထွက်နှုန်းကောင်းသော စပါးမျိုးများ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေးအတွက် မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မိုးစပါးလျာထားဧကပြည့်မီအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

စပါးကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် စပါးကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

➤ စာမျက်နှာ ၄ မှအဆက်

တွင် ထုံကျဉ်ခြင်းလောက်သာကြုံရသော်လည်း အချို့သူများတွင် အသက်အန္တရာယ်စိုးရိမ်ရသည်ထိ ပြင်းထန်သည်။ အသက်ရှုရခက်ခဲလာခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ မူးဝေအော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ သွေးပေါင်ချိန်ကျသွားခြင်း၊ နှလုံးခုန်မြန်ခြင်း၊ မူးမေ့ခြင်း စသည့် လက္ခဏာများပြသလာခဲ့ပါက ဆေးရုံဆေးခန်း၌ ပြသရန်လိုအပ်သည်။ ကလေးများကို ကီဝီသီးစကျွေးပြီဆိုပါက ပြသနိုင်သည့်လက္ခဏာများမှာ နှုတ်ခမ်းနှင့်အာခေါင်ရောင်ရမ်းခြင်း၊ အရေပြားတွင် အနီကွက်ထွက်ခြင်း၊ အင်ပျဉ်ထခြင်း၊ အလွန်အမင်းငိုခြင်းမှ အသက်ရှူကျပ်ခြင်းထိ ပါဝင်သည်။ ဓာတ်မတည့်သူများအနေဖြင့် ကီဝီသီးအမျိုးမျိုးအပြင် ကီဝီသီးထည့်သွင်းပြုလုပ်ထားသည့် Smoothies ဖျော်ရည်များ၊ အသီးအရွက်သုပ်များနှင့် ကီဝီသီးနှင့်ပြုလုပ်ထားသည့် ရေခဲမုန့်ကိုလည်း သတိထားရှောင်ရှားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

နိဂုံးချုပ်အနေဖြင့် ကီဝီသီးထဲတွင် ဆယ်လူလို့စ်ဓာတ်ပါဝင်သောကြောင့် ကိုလက်စထရောကိုကျဆင်းစေပြီး နှလုံးကိုကျန်းမာစေခြင်း၊ ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်ပြီး ဝမ်းသွားလွယ်စေနိုင်ခြင်း၊ အစာကြေစေခြင်း၊ နှလုံးသွေးကြောရောဂါကို ကြိုတင်ကာကွယ်ပေးနိုင်ခြင်း၊ ကီဝီသီးထဲတွင် ဗီတာမင် A ၊ ဗီတာမင် C ပါဝင်သောကြောင့် ရောဂါပြီးခံတက်ကို တိုးပွားစေခြင်း၊ အရေပြားအတွင်းရှိ ဆဲလ်များကို ကျန်းမာစေပြီး အအေးမိခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ ခန္ဓာကိုယ်အတွင်းရှိ အဆိပ်များကို ဖယ်ရှားပေးနိုင်ခြင်း၊ ကီဝီသီးထဲတွင် ဗီတာမင် E နှင့် ဗီတာမင် K ပါဝင်သောကြောင့် အဆီကျလုပစေခြင်း၊ ကီဝီသီးထဲတွင် ဖောလစ်အက်စစ်ဓာတ်ပါဝင်သောကြောင့် ဆဲလ်များ၊ နှာဗ်ကြောများကို ကျန်းမာသန်စွမ်းစေနိုင်ခြင်း၊ ကီဝီသီးထဲတွင် ခယ်လီဓာတ်ပါသောကြောင့် သွေးဖိအားကိုထိန်းပေးခြင်း၊ ကီဝီသီးသည် သွေးတိုးရောဂါရှိသူများစားသုံးပါက ကောင်းကျိုးများစွာရရှိစေခြင်း၊ ကင်ဆာရောဂါကိုကာကွယ်ပေးနိုင်၍ ခုခံပေးနိုင်ခြင်းစသည့် ကျန်းမာရေးကောင်းကျိုးများစွာ ရရှိစေနိုင်သော ကီဝီသီးကို အစာလည်းဆေး၊ ဆေးလည်း အစာဆိုသကဲ့သို့ သင့်တင့်မျှတစွာ စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

## ရိုးသားမှု ဂုဏ်ပုဒ်

\- လူ့မနေခရယ်က
အပြုသဘော ဆောင်ပါလျှင်၊
လူတကာ နှစ်သက်လို့
စွဲမက်ချစ်ခင်၊
လုပ်သမျှ အောင်မြင်
ပျော်ရွှင်စွာ အမှန်ပဲ၊
ရိုးဂုဏ်ကို လူတိုင်းကြိုက်
နှစ်ခြိုက်စိတ်ထဲ။

\- တို့တစ်တွေ အတူတွဲလို့
အမြဲတမ်း နေကြမယ်၊
အရင်းခံ စိတ်ဓာတ်က
မွန်မြတ်ကြတယ်၊
နှလုံးသား လှဖို့ရယ်
ကြိုးစားကွယ် အချိန်တိုင်း၊
အတ္တမာန် ဖယ်ခွာချစို့
လှဖို့သမိုင်း။

\- အသိဉာဏ် မထုံထိုင်းနှင့်
စိတ်ရိုင်းတို့ ပြုပြင်ရာ၊
သင့်စိတ်ကို ထာဝရ
အလှဆင်ပါ၊
ရွှင်ပြုံးလို့ ကြည်သာ
ရိုးသားစွာ ကျင့်ကြံသွား၊
ကျက်သရေ မင်္ဂလာတိုးလို့
တန်ဖိုးကြီးမား။ ။

ဖိုးပြည့်(ပတ္တမြား)

# ကြို့ပင်ကောက်မြို့နယ် ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းသတ်မှတ်ကာလများ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀၉ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးတောကျေးရွာ၌ စီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အသေးစား ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၁ ကို စီမံကိန်းရန်ပုံငွေကျပ် ၄၀၉ သိန်းထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# နိုင်ငံတကာ သတင်းများ

## ယခုနှစ်ကုန်ပိုင်းတွင် အိန္ဒိယနိုင်ငံသို့ ရုရှားသမ္မတပူတင် သွားရောက်မည်



မော်စကို ဩဂုတ် ၈

ရုရှားသမ္မတပူတင်သည် ယခုနှစ်ကုန်ပိုင်းတွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်ကုန်ပိုင်း၌ ရုရှားသမ္မတပူတင် အိန္ဒိယနိုင်ငံသို့သွားရောက်မည့်အစီအစဉ်ကို အိန္ဒိယအမျိုးသား လုံခြုံရေးအကြံပေးအဂျစ်ဒိုဗယ်က အတည်ပြုပြောကြားထားခြင်း ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် သမ္မတပူတင်၏ အိန္ဒိယခရီးစဉ်နှင့် ပတ်သက်၍ ရုရှားအစိုးရက တရားဝင်သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသို့ ရုရှားသမ္မတပူတင် သွားရောက်မည့်ကာလကို အိန္ဒိယနိုင်ငံအမျိုးသားလုံခြုံရေးအကြံပေး အဂျစ်ဒိုဗယ်က ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ရုရှားမီဒီယာများ၏ အဆိုအရ ယခုနှစ်ကုန်ပိုင်းဖြစ်နိုင်ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ကုန်သွယ်ရေးမူဝါဒများကြောင့် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြား ဆက်ဆံရေးအခြေအနေ ဆိုးရွားနေချိန်တွင် ရုရှားသမ္မတပူတင်၏ အိန္ဒိယခရီးစဉ်သတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

ရုရှားနိုင်ငံမှရေနံများကို အိန္ဒိယနိုင်ငံက ဆက်လက်ဝယ်ယူနေမှုအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အိန္ဒိယထုတ်ကုန်များအပေါ် ၂၅ ရာခိုင်နှုန်းအခွန်စည်းကြပ်မှု ထပ်မံပြုလုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## နှစ်ပေါင်း ၉၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် နယူးဇီလန်နိုင်ငံသို့ ဂျပန်စစ်သင်္ဘောများရောက်ရှိ

ဝယ်လင်တန် ဩဂုတ် ၈

ဂျပန်ရေတပ်မှ စစ်သင်္ဘောများသည် နှစ်ပေါင်း ၉၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့သို့ ယနေ့တွင် ရောက်ရှိလာခဲ့သည်။

လက်ရှိအချိန်တွင် ဂျေအက်စ်အီဆီးနှင့် ဂျေအက်စ်ဆူဇူနာမီအမည်ရှိ ဂျပန်ရေတပ်စစ်သင်္ဘောနှစ်စီးတို့သည် ဝယ်လင်တန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားကြောင်း နယူးဇီလန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။



အဆိုပါဂျပန်ရေတပ်စစ်သင်္ဘောနှစ်စီးပေါ်တွင် ရေတပ်သား ၅၀၀ ကျော် လိုက်ပါလာသည်။

ဂျပန်အစိုးရက တောင်ပစိဖိတ်ဒေသနိုင်ငံများနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးကို မြှင့်တင်ရန်ကြိုးပမ်းနေစဉ် ဂျပန်ရေတပ်စစ်သင်္ဘောများ ဝယ်လင်တန်မြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

နယူးဇီလန်နိုင်ငံသို့ ဂျပန်ရေတပ် စစ်သင်္ဘောတစ်စီး နောက်ဆုံးရောက်ရှိခဲ့သည့်အချိန်မှာ ၁၉၃၆ ခုနှစ်ဖြစ်ကြောင်း နယူးဇီလန်တပ်မတော်၏ အဆိုအရ သိရသည်။

နယူးဇီလန်၊ ဩစတြေးလျနှင့် ပစိဖိတ်ဒေသ ကျွန်းစုနိုင်ငံများတည်ရှိရာ တောင်ပစိဖိတ်ဒေသသည် ဒေသတွင်းနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးရေးအတွက် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ အပြိုင်အဆိုင် ကြိုးပမ်းနေသောဒေသဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ လူနေရပ်ကွက်ပေါ်သို့ လေယာဉ်ပျက်ကျမှုဖြစ်ပွား၊ လူခြောက်ဦး သေဆုံး



နိုင်ရိုဘီ ဩဂုတ် ၈

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ လူဦးရေထူထပ်သော ရပ်ကွက်တစ်ခုပေါ်သို့ ဆေးဝန်ထမ်းများလိုက်ပါလာသော လေယာဉ်ငယ်တစ်စင်း ဩဂုတ် ၇ ရက်တွင် ပျက်ကျခဲ့ရာ လူပေါင်း ခြောက်ဦး သေဆုံးခဲ့ရသည်။

ပျက်ကျခဲ့သည့် လေယာဉ်မှာ ဆက်စနာအမျိုးအစား လေယာဉ်ငယ်ဖြစ်ပြီး ပရဟိတဆရာဝန်များအဖွဲ့တစ်ဖွဲ့က အသုံးပြုနေသည့် လေယာဉ်ဖြစ်သည်။

အဆိုပါ လေယာဉ်ငယ်သည် ဆိုမာလီယာ ခွဲထွက်ဒေသဖြစ်သည့် ဆိုမာလီယာလန်းဒေသ ဟာဂိုင်ဆာမြို့သို့ ပျံသန်းနေစဉ် နိုင်ရိုဘီမြို့ လူနေရပ်ကွက်ပေါ်သို့ ပျက်ကျခဲ့ရခြင်း ဖြစ်ကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လေယာဉ် ပျက်ကျမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူလေးဦးနှင့် မြေပြင်၌ရှိနေသူနှစ်ဦး သေဆုံးခဲ့ရကြောင်း ကင်ညာတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ယင်း လေယာဉ်ငယ်သည် နိုလ်ဆာလေဆိပ်မှ ပျံတက်ခဲ့ပြီး လေးမိနစ်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဧပြီလကလည်း ကင်ညာတပ်မတော်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ကင်ညာစစ်ဦးစီးချုပ်အပါအဝင် လူပေါင်း ၁၀ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

## ၂၀၂၄ ခုနှစ် ဂျပန်လူမျိုးလူဦးရေ စံချိန်တင်ကျဆင်း

တိုကျို ဩဂုတ် ၈

၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ ဂျပန်လူမျိုးလူဦးရေမှာ စံချိန်တင်ကျဆင်းခဲ့ပြီး လူပေါင်း ၉၀၀၀၀၀ ကျော် လျော့နည်းခဲ့ရကြောင်း ဂျပန်အစိုးရက ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဂျပန်အစိုးရက ထုတ်ပြန်ထားသောကိန်းဂဏန်းများအရ ၂၀၂၄ ခုနှစ်အတွင်း ဂျပန်လူမျိုးလူဦးရေမှာ လူပေါင်း ၉၀၈၅၇၄ ဦး လျော့နည်းခဲ့ရပြီး စုစုပေါင်းလူဦးရေ ၁၂၀ ဒသမ ၆၅ သန်းထိသာရှိခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဂျပန်လူမျိုးလူဦးရေသည် ၁၆ နှစ်မြောက်အဖြစ် ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ပြီး ၁၉၆၈ ခုနှစ်နောက်ပိုင်း စံချိန်တင်အမြင့်ဆုံး ကျဆင်းမှုလည်း ဖြစ်သည်။

သို့သော် ၂၀၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ နေထိုင်သူ ပြည်ပနိုင်ငံသားအရေအတွက်မှာ ၂၀၁၃ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိ ဂျပန်နိုင်ငံ၌နေထိုင်သည့် ပြည်ပနိုင်ငံသားအရေအတွက်မှာ ၃ ဒသမ ၆၇ သန်းထိရှိခဲ့ရာ ဂျပန်လူဦးရေစုစုပေါင်း၏ သုံးရာခိုင်နှုန်းနှင့်ညီမျှကြောင်း ဂျပန်အစိုးရကိန်းဂဏန်းအချက်အလက်များတွင် ဖော်ပြထားသည်။

ကလေးမွေးဖွားမှုနှုန်းကျဆင်းမှုပြဿနာကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ အများအပြားရင်ဆိုင်နေရသော်လည်း ဂျပန်နိုင်ငံ ရင်ဆိုင်နေရသော ကလေးမွေးဖွားမှုနှုန်းကျဆင်းမှုပြဿနာမှာ အတော်လေးပြင်းထန်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်နိုင်ငံ မစ္စစ္စပီမြစ်အတွင်း ကုန်တင်ရေယာဉ်ပေါ်သို့ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် နှစ်ဦးသေဆုံး

နယူးယောက် ဩဂုတ် ၈

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်၌ ဩဂုတ် ၇ ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အမ်ဒီ-၃၆၉ အမျိုးအစား အဆိုပါရဟတ်ယာဉ်သည် မစ္စစ္စပီမြစ်အတွင်း ခုတ်မောင်းနေသော ကုန်တင်တွဲရေယာဉ်တစ်စီးပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်သည် ကုန်တင်တွဲရေယာဉ်ပေါ်သို့ မပျက်ကျမီ ကောင်းကင်ဓာတ်အားလိုင်းဓာတ်ကြိုးများကိုလည်း ဝင်တိုက်ခဲ့ကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ကုန်တင်တွဲ ရေယာဉ်ပေါ်၌ မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သော်လည်း ရေယာဉ်ဝန်ထမ်းများအထိအခိုက်မရှိခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက် အယ်လ်တန်မြို့အနီး မစ္စစ္စပီရေလမ်းကြောင်းကို ယာယီပိတ်ထားရကြောင်း သိရသည်။

လက်ရှိအချိန်တွင် မစ္စစ္စပီမြစ်၏ မိုင်တိုင် ၁၉၉နှင့် ၂၀၁ အကြား ရေလမ်းကြောင်းကို ယာယီပိတ်ထားရပြီး မည်သည့်အချိန်ပြန်ဖွင့်မည်ကို မသိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။




Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## 31/ATLAS ကြယ်တံခွန်ကို အာကာသယာဉ်တစ်စင်းဖြင့် အနီးကပ်လေ့လာရန် သိပ္ပံပညာရှင်များက အဆိုပြုထား



**ဝါရှင်တန် ဩဂုတ် ၈**

နေအဖွဲ့အစည်းကိုဖြတ်ကျော်ပျံသန်းနေသည့် 31/ATLAS ကြယ်တံခွန်ကို အာကာသယာဉ်တစ်စင်းဖြင့် အနီးကပ်လေ့လာရန် သိပ္ပံပညာရှင်များက အဆိုပြုထားကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

31/ATLAS ကြယ်တံခွန်သည် တစ်စက္ကန့်လျှင် ၃၇ မိုင်နှုန်းဖြင့် နေအဖွဲ့အစည်းကို ဖြတ်ကျော်ပျံသန်းလျက်ရှိရာ ကမ္ဘာဂြိုဟ်ပေါ်မှ လွှတ်တင်လိုက်သည့် အာကာသယာဉ်အနေဖြင့် ၎င်းကြယ်တံခွန်ကို အမီလိုက်ပျံသန်းနိုင်မည်မဟုတ်ပေ။

ကမ္ဘာပေါ်မှ အာကာသယာဉ်တစ်စင်းအနေဖြင့် 31/ATLAS ကြယ်တံခွန်နှင့် အချိန်ကိုက်တွေ့ဆုံနိုင်ရန် ကြယ်တံခွန်ကို စတွေ့သည့်နေ့မှစ၍ တစ်စက္ကန့်လျှင် ၁၅ မိုင်နှုန်းဖြင့် ပျံသန်းရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

သို့ဖြစ်ရာ အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)ကဲ့သို့အာကာသအေဂျင်စီများအနေဖြင့် အခြားဂြိုဟ်များ၏ ပတ်လမ်းများအတွင်းရှိနေသည့် အာကာသယာဉ်များကို လမ်းကြောင်းပြောင်း သုံးစွဲသင့်ကြောင်း သိပ္ပံပညာရှင်များက အဆိုပြုထားသည်။

အထူးသဖြင့် နာဆာအနေဖြင့် 31/ATLAS ကြယ်တံခွန်ကိုလေ့လာရေးအတွက် ကြာသပတေးဂြိုဟ်ပတ်လမ်းအတွင်းရှိ ဂျူနိုအာကာသယာဉ်ကို အသုံးပြုခဲ့ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်သည် ၂၀၂၆ ခုနှစ် မတ်လလယ်ပိုင်းတွင် ကြာသပတေးဂြိုဟ်ကို ကီလိုမီတာ ၅၄ သန်းအကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**

## နိုင်ငံတကာအာကာသစခန်း၌ တာဝန်များပြီးဆုံးသွားပြီဖြစ်သော Crew-10 အာကာသယာဉ်မှူး လေးဦး ကမ္ဘာမြေအပြန်ခရီးစတင်ရန် စီစဉ်

**ဝါရှင်တန် ဩဂုတ် ၈**

နိုင်ငံတကာအာကာသစခန်း၌ တာဝန်များပြီးဆုံးသွားပြီဖြစ်သော Crew-10 အာကာသယာဉ်မှူး လေးဦးတို့သည် ယနေ့တွင် ကမ္ဘာမြေအပြန်ခရီးစတင်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

Crew-10 မစ်ရှင်အာကာသယာဉ်မှူးများသည် မူလက ကမ္ဘာမြေအပြန်ခရီးကို ဩဂုတ် ၇ ရက်တွင် စတင်ရန် စီစဉ်ထားသော်လည်း ကမ္ဘာမြေပေါ်ရှိ ရာသီဥတုအခြေအနေကြောင့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

သို့ရာတွင် Crew-10 မစ်ရှင် အာကာသယာဉ်မှူးများအနေဖြင့် ကမ္ဘာမြေအပြန်ခရီးစဉ်စတင်ရေးအတွက် ယနေ့တွင် နိုင်ငံတကာ အာကာသစခန်းမှ စတင်ထွက်ခွာမည်ဖြစ်ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



နိုင်ငံတကာအာကာသစခန်းမှခွာထွက်ပြီးနောက် Crew-10 မစ်ရှင် အာကာသယာဉ်မှူးများ လိုက်ပါလာမည့် Crew Dragon အာကာသယာဉ်သည် ဩဂုတ် ၉ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် ကမ်းလွန်ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် Space-X ကုမ္ပဏီတို့သည် Crew-10 မစ်ရှင်ကို ယခုနှစ် မတ် ၁၄ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ULA ကုမ္ပဏီက အမေရိကန်အာကာသတပ်ဖွဲ့၏ USSF-106 ဂြိုဟ်တုကို ဗော်လ်ကန်စင်တော်ဒုံးပျံသစ်ဖြင့် ဩဂုတ် ၁၂ ရက်တွင် လွှတ်တင်မည်

**ဝါရှင်တန် ဩဂုတ် ၈**

United Launch Alliance (ULA) ကုမ္ပဏီသည် အမေရိကန်အာကာသတပ်ဖွဲ့၏ USSF-106 အမည်ရှိ ဂြိုဟ်တုကို ဗော်လ်ကန်စင်တော်ဒုံးပျံသစ်ဖြင့် ဩဂုတ် ၁၂ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

USSF-106 မစ်ရှင်ကို ဗော်လ်ကန်စင်တော်ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း ULA ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဗော်လ်ကန်စင်တော်ဒုံးပျံသည် USSF-106 ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ULA ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

USSF-106 မစ်ရှင်သည် ဗော်လ်ကန်စင်တော် ဒုံးပျံသစ်အတွက် တတိယအကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်သည်။

ULA ကုမ္ပဏီသည် ဗော်လ်ကန်စင်တော်ဒုံးပျံသစ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် အောက်တိုဘာလတို့တွင် လွှတ်တင်ခဲ့ရာ မစ်ရှင်နှစ်ခုစလုံး အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ULAကုမ္ပဏီသည် ယခင်အသုံးပြုခဲ့သည့် အက်တလပ်စ်-၅ ဒုံးပျံများကို အနားပေးခဲ့ပြီးနောက် ဗောလ်ကန်စင်တော် ဒုံးပျံသစ်ကို အသုံးပြုနေခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## UPFS ပါဝင်မှုလျှော့ထားသည့်ခာတ်စာစားသုံးမှုက ကိုယ်အလေးချိန်လျှော့ချရာတွင် အထောက်အကူပြု

**လန်ဒန် ဩဂုတ် ၈**

အလွန်အကျွံပြုပြင်စီရင်ထားသောအစားအစာများ (UPFS) ပါဝင်မှုကို လျှော့ချထားသည့် ခာတ်စာများစားသုံးမှုသည် ကိုယ်အလေးချိန်ကို လျှော့ချရာတွင် အထောက်အကူပြုကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ(UPFS)ပါဝင်မှုကို လျှော့ချထားသည့် ခာတ်စာများသည် ကိုယ်အလေးချိန်လျှော့ချရာတွင် UPFS ပါဝင်မှုမြင့်မားသည့် ခာတ်စာများထက် နှစ်ဆပို၍ ထိရောက်ကြောင်း သိရသည်။

အလွယ်တကူဝယ်ယူနိုင်သည့် UPFSအစားအစာများသည် အစားအစာနှင့်ဆက်စပ်နေသည့် ကျန်းမာရေးပြဿနာများနှင့်အဝလွန်မှုပြဿနာများကို တွန်းအားပေးနေကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၅၈ ဦးတို့ကို အနည်းဆုံးအဆင့်ပြုပြင်စီရင်ထားသောအစားအစာများနှင့် အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ ကျွေးမွေး၍ စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အနည်းဆုံးအဆင့် ပြုပြင်စီရင်ထားသည့် အစားအစာများကို စားသုံးသူများသည် ကိုယ်အလေးချိန်ကို UPFS အစားအစာစားသုံးသူများထက် နှစ်ဆပို၍ လျှော့နိုင်သည်ကိုတွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## ရုပ်သံဖန်သားပြင် အလွန်အကျွံကြည့်ရှုသူ ကလေးနှင့် ဆယ်ကျော်သက်များ နှလုံးကျန်းမာရေးပြဿနာများနှင့်ရင်ဆိုင်ရနိုင်

**ကိုပင်ဟေဂင် ဩဂုတ် ၈**

ဗီဒီယိုဂိမ်း၊ လူမှုမီဒီယာနှင့် ရုပ်သံဇာတ်လမ်းများ စသည့် ရုပ်သံဖန်သားပြင် အလွန်အကျွံကြည့်ရှုသူ ကလေးများနှင့် ဆယ်ကျော်သက်များအနေဖြင့် နှလုံးကျန်းမာရေး ပြဿနာများနှင့် ရင်ဆိုင်ရနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၇ ရက်သတင်းများအရ သိရသည်။

ရုပ်သံဖန်သားပြင်ကြည့်ရှုချိန်ကို ကြည့်ရှုသင့်သည့်အချိန်ထက် တစ်နာရီတိုးလာတိုင်း သွေးဖိအားမြင့်တက်မှု၊ သွေးအတွင်းကိုလက်စထရောနှင့် သကြားဓာတ်ပါဝင်နှုန်းမြင့်မားမှု စသည့်ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေလည်း မြင့်တက် လာတတ်ကြောင်း ဒိန်းမတ်သုတေသနပညာရှင်များက ပြောကြားသည်။

သွေးဖိအား ပုံမှန်ထက်မြင့်တက်လာမှု၊ သွေးအတွင်း ကိုလက်စထရောနှင့် သကြားဓာတ်ပါဝင်နှုန်းမြင့်တက်လာမှုတို့သည် နှလုံးရောဂါများ၏ အဓိကနောက်ခံအကြောင်းတရားများဖြစ်သည်။

ကလေးသူငယ်များကြား ရုပ်သံဖန်သားပြင်ကြည့်ရှုချိန်ပမာဏမှာ လွန်ကဲလျက်ရှိရာ နောက်ဆက်တွဲ နှလုံးကျန်းမာရေးပြဿနာများကို သတိထားရန်လိုကြောင်း ဒိန်းမတ်သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



နိုင်ငံတကာ
**အားကစားသတင်းများ**

# ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန် ပီအက်စ်ဂျီအသင်းမှ ကိုးဦးထိပါဝင်




**ပဲရစ် ဩဂုတ် ၈**

ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် ကစားသမားစာရင်း ထွက်ပေါ်လာခဲ့ပြီးနောက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့သည့် ပီအက်စ်ဂျီအသင်းမှ ကိုးဦးထိပါဝင်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီ၊ ဒွန်နာရမ်မာ၊ ဒူအီ၊ ခါဗာရက်ရှီလီယာ၊ ဟာကီမီ၊ မန်ဒက်၊ဂျာအိုနီဗက်၊ဖေဘီယန်ရုဇ်၊ ဗီတင်ဟာ စသည့်ကစားသမား ကိုးဦးထိ ပါဝင်လာခဲ့သည်။

အခြားကစားသမားများအဖြစ် ဘယ်လင်ဟမ်၊ ဒမ်ဖရိုင်း၊ ဂူရက်ဆီ၊ မာတီနက်ဇ်၊ ဟာလန်း၊ ဂိုကာရက်စ်၊ ဟယ်ရီကိန်း၊ မက်အယ်လစ်စတာ၊ လီဝမ်ဒေါစကီး၊ လူတာရိုမာတီနက်ဇ်၊ တွမ်မီနေး၊ အမ်ဘက်ပီ၊ ဖလိုရီယန်ဝစ်ဇ်၊ ပက်ဒရီ၊ကိုးလ်ပယ်မာ၊ ရာဖင်ဟာ၊ အိုလီဆီ၊ ဒီကလန်ရိုက်၊ ဗန်ဒိုက်၊ ဆာလာဟ်နှင့် ယာမယ်တို့က ပါဝင်လျက်ရှိနေသည်။

ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် ကစားသမားစာရင်း ထွက်ပေါ်ခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီက ဆုရရှိရန် ရေပန်းစားလျက်ရှိနေပြီး ဘာစီလိုနာအသင်းက ဒုတိယနေရာမှဖိအားပေးလျက်ရှိနေသည်။

အလားတူ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် နည်းပြစာရင်းတွင်လည်း ပီအက်စ်ဂျီအသင်းမှ နည်းပြအန်းနရစ်၊ နာပိုလီအသင်းမှ ကွန်တီ၊ ဘာစီလိုနာအသင်းမှ ဟန်ဆီဖလစ်၊ ချဲလ်ဆီးအသင်းမှ မာရက်စ်ကာနှင့် လီဗာပူးအသင်းမှ အာနီစလော့တို့ ပါဝင်လာခဲ့ကြပြီး နည်းပြအန်းနရစ်က အကောင်းဆုံးဆုဆွတ်ခူးနိုင်ရန် ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# National Bank Open ပြိုင်ပွဲချန်ပီယံဆုကို အမ်ဘိုကို ဆွတ်ခူး

**မွန်ထရီရယ် ဩဂုတ် ၈**

ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင်ကျင်းပခဲ့သည့် National Bank Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်တွင် ကနေဒါတင်းနစ်မယ် အမ်ဘိုကိုနှင့် ဂျပန်တင်းနစ်မယ် အိုဆာကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမ်ဘိုကိုက (၂-၆ ၊ ၆-၄ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက်၁၈ နှစ်အရွယ်သာရှိသေးသည့် အမ်ဘိုကိုသည် ထင်မှတ်မထားသောစွမ်းဆောင်ရည်မျိုးကို ပြသနိုင်ခဲ့ပြီး National Bank Open တင်းနစ်ပြိုင်ပွဲသက်တမ်းတစ်လျှောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော ကနေဒါတင်းနစ်မယ် တစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အိုဆာကာအတွက် ရလဒ်ပိုင်းနှင့် စွမ်းဆောင်ရည်ပိုင်းတိုးတက်လာခဲ့သော်လည်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် လက်တစ်ကမ်းအလိုရောက်မှ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ခြင်းဖြစ်သည်။

အိုဆာကာသည် ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အမှားများခဲ့ပြီးနောက် ပြန်လည်ရှုံးနိမ့်ကာ အဆုံးအဖြတ်ပွဲစဉ်တွင်လည်း အမ်ဘိုကို၏ ကောင်းမွန်သည့် စွမ်းဆောင်ရည်များနှင့် အိုဆာကာ၏ အမှားတချို့ကြောင့် အမ်ဘိုကိုက ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။

အမ်ဘိုကိုက "ရိုးရိုးသားသားပြောရရင်တော့ ကျွန်မအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေတာတွေကို ဘယ်တော့မှရပ်တန့်မသွားဖို့ အမြဲပြောဖြစ်ခဲ့တယ်။ ငယ်စဉ်ကလေးဘဝကတည်းက ဒီလိုအောင်မြင်မှုမျိုးကို ဆွတ်ခူးနိုင်ဖို့အတွက် အိပ်မက်ရှိခဲ့တယ်။ တစ်ချိန်ကျရင်တော့ အောင်မြင်မှုကိုဆွတ်ခူးနိုင်မယ်လို့ပဲ မျှော်လင့်ထားတာပါ။ ဒါပေမဲ့လဲ ဒီလောက်ထိ မြန်မြန်ဆန်ဆန်ဖြစ်လာလိမ့်မယ်လို့ထင်မထားပါဘူး။ အခု ကျွန်မအတွက် ဂုဏ်ယူစရာအောင်မြင်မှုကို ရယူနိုင်ခဲ့ပြီဖြစ်သလို ကနေဒါတင်းနစ်လောကအတွက်လဲ ဂုဏ်ယူစရာအောင်မြင်မှုလို့ ကျွန်မယုံကြည်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ခံစစ်ကစားသမား အင်နီဂိုမာတီနက်ဇ် ဘာစီလိုနာအသင်းနှင့်နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်း

**ဘာစီလိုနာ ဩဂုတ် ၈**

ဘာစီလိုနာအသင်း ခံစစ်ကစားသမား အင်နီဂိုမာတီနက်ဇ်သည် အသင်းနှင့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေချိန်တွင် ၂၀၂၇ ခုနှစ်ထိ ထပ်မံသက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့သော်လည်းယခုအခါ ကစားသမားအနေဖြင့် အသင်းနှင့်စာချုပ်သစ်ချုပ်ဆိုမှုကို ဖျက်သိမ်းခဲ့ပြီးနောက် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်း အနေဖြင့် အင်နီဂိုမာတီနက်ဇ်ကို စာချုပ်ဖျက်သိမ်းခွင့် ပြုခဲ့သောကြောင့် ကစားသမား၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ အကျိုးအမြတ် တစ်စုံတစ်ရာ မရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ ခံစစ်ကစားသမားသည် ဘီလ်ဘာအိုအသင်းမှ ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်ပါဝင်ခဲ့သည့် ဘောလုံးရာသီနှစ်ရာသီတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားပေးနိုင်ခဲ့သဖြင့် ဘာစီလိုနာအသင်း တာဝန်ရှိသူများက စာချုပ်သက်တမ်းနောက်ဆုံးနှစ်သို့ ရောက်ရှိလာချိန်တွင် သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အင်နီဂိုမာတီနက်ဇ် အနေဖြင့် နောက်ဆုံးအဆင့် သဘောတူညီချက်များ မရခဲ့သောကြောင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့ပြီး ဘာစီလိုနာအသင်းကလည်း ၎င်းကို ကစားသမားသစ်များ မှတ်ပုံတင်နိုင်ရန်အတွက် လက်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်း ဗဟိုခံစစ်ပိုင်းတွင် အင်နီဂိုမာတီနက်ဇ် ထွက်ခွာသွားသောကြောင့် လာမည့်ရာသီသစ်တွင် ကျူဘာစီက ဦးစားပေး ကစားသမားအဖြစ် ပါဝင်လာမည်ဖြစ်ပြီး ၎င်းနှင့်အတူ အာရူဂျို၊ ခရစ်စတန်ဆန်၊ အဲရစ်ဂါစီယာတို့လည်း ရှိနေသောကြောင့် အသင်းအနေဖြင့် အင်နီဂိုမာတီနက်ဇ်၏ စာချုပ်ဖျက်သိမ်းမှုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ယခုအပြောင်းအရွှေ့ရာသီတွင် အယ်နာဆာအသင်းသည် စီရော်နယ်ဒို၏ အကူအညီဖြင့် ဂျာအိုဖီးလစ်ကို ခေါ်ယူနိုင်ခဲ့သည့်အပြင် အင်နီဂိုမာတီနက်ဇ် ကိုလည်း ထပ်မံခေါ်ယူ နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Samprebarca**
**Trs : ML**



# ဂါနာချိုကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း ချဲလ်ဆီးအသင်းထုတ်ပြန်

**လန်ဒန် ဩဂုတ် ၈**

မန်ယူအသင်း တောင်ပံကစားသမား ဂါနာချိုသည် နွေရာသီအပြောင်းအရွှေ့ကာလ စတင်ချိန်ကတည်းက အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီးနောက် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ချဲလ်ဆီးအသင်းက ခေါ်ယူရန် ကစားသမားနှင့် ဆွေးနွေးခဲ့ရာ လက်ရှိတွင် နှစ်ဖက်သဘောတူညီမှုရရှိခဲ့သည်။

ချဲလ်ဆီးအသင်း ကလည်း အပြောင်းအရွှေ့ ကာလအတွင်း တိုက်စစ်ပိုင်းအတွက် ကစားသမား သုံးဦးထိ ခေါ်ယူထားခဲ့သော်လည်း တောင်ပံ တိုက်စစ်ပိုင်းအတွက် ကစားသမားတစ်ဦး ထပ်မံခေါ်ယူရန် ဆုံးဖြတ်ထားသောကြောင့် ဂါနာချိုသည် ချဲလ်ဆီးအသင်း၏ အဓိက ပစ်မှတ်ဖြစ်လာခဲ့ရာ ရက်သတ္တပတ်အတွင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

လက်ရှိတွင် မန်ယူအသင်းသည် လိုက်ပ်ဇစ်အသင်းမှ ဆက်ကိုအား ခေါ်ယူရန် နောက်ဆုံးအဆင့် သဘောတူညီမှု ရခဲ့ပြီးနောက် ဂါနာချိုသည် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် သေချာခဲ့ကာ ချဲလ်ဆီးအသင်းက ကစားသမားအတွက် စတာလင်ပေါင် သန်း ၃၀ ဝန်းကျင်ထိ အသုံးပြုရန် ရည်မှန်းထားသော်လည်း မန်ယူအသင်းက ဂါနာချိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင်သန်း ၅၀ ဝန်းကျင်ထိ အလိုရှိနေကြောင်း သိရသည်။



ဂါနာချိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းအတွက် ပြိုင်ပွဲစုံ ၅၈ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သော်လည်း နည်းပြအာမိုရင်က ၎င်း၏ ကစားပုံကို နှစ်သက်မှုမရှိ၍ ယခုအပြောင်းအရွှေ့ကာလတွင် အသင်းသစ်ရှာဖွေရန် ခွင့်ပြုပေးခဲ့ပြီး ရာသီကြိုခြေစမ်းပွဲကစားမည့် အမေရိကန်ခရီးစဉ်ကိုလည်း ခေါ်ယူခဲ့ခြင်းမရှိကြောင်း သိရသည်။

**Ref : Football Transfers**
**Trs : ML**

## ဘုန်းမောက်ကစားသမား ဇာဘာညီကို ယူရို ၆၅ သန်းဖြင့်ခေါ်ယူရန် ပီအက်စ်ဂျီအသင်း သဘောတူညီမှုရရှိ




ပဲရစ် သြဂုတ် ၈

ပီအက်စ်ဂျီအသင်းသည် ဘုန်းမောက်အသင်း ခံစစ်ကစားသမား ဇာဘာညီကို ခေါ်ယူရန် နွေရာသီ အပြောင်းအရွှေ့ကာလ စတင်ချိန်ကတည်းက ကြိုးပမ်းခဲ့ပြီးနောက် ယခုအခါ ကစားသမားကို ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်း ဝန်းကျင်ဖြင့်ခေါ်ယူရန် သဘောတူညီမှု ရခဲ့သည်။

အသင်းအနေဖြင့် ခံစစ်ကစားသမားအတွက် ပြောင်းရွှေ့ကြေးကို ယူရို ၆၅ သန်းဝန်းကျင်ထိ အသုံးပြုခဲ့ရသော်လည်း လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဇာဘာညီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘုန်းမောက်အသင်း ခံစစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၃၉ ပွဲထိ ကစားခဲ့ရာတွင် သွင်းဂိုး တစ်ဂိုးသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ပီအက်စ်ဂျီအသင်းက ခံစစ်ပိုင်းလိုအပ်ချက်အတွက် ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင် ကလပ်အသင်း နှစ်ခုကြား နောက်ဆုံးအဆင့် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ဘုန်းမောက်အသင်းက လိုင်လီအသင်းမှ ခံစစ်ကစားသမား ဒီယာကီတီကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဝန်းကျင်ဖြင့် ခေါ်ယူအစားထိုးသွားမည် ဖြစ်ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်း အနေဖြင့် ဇာဘာညီကိုခေါ်ယူနိုင်ခဲ့ပြီးနောက် လိုင်လီအသင်း ဂိုးသမား ချီဗာလီယာကိုလည်း ထပ်မံခေါ်ယူရန် သဘောတူညီမှုရခဲ့သဖြင့် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

Ref : GFFN
Trs : ML

## ကမ္ဘာ့လူငယ်အကောင်းဆုံးကစားသမားဆုအတွက် ဘာစီလိုနာအသင်း တိုက်စစ်မှူးလမိုင်းယာမယ် ထိပ်ဆုံးမှရေပန်းစားနေ

မက်ဒရစ် သြဂုတ် ၈

ကမ္ဘာ့လူငယ် အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်း ထုတ်ပြန်ခဲ့ပြီးနောက် ဘာစီလိုနာ အသင်းမှ တိုက်စစ်မှူး လမိုင်းယာမယ်က ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

ကမ္ဘာ့လူငယ် အကောင်းဆုံး ကစားသမားဆုကို အသက် ၂၁ နှစ်အောက်ကစားသမားများမှ စိစစ်ရွေးချယ် ပေးအပ်ခြင်းဖြစ်ပြီးလာမည့် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု ပေးပွဲအခမ်းအနားတွင် ပေးအပ်သွားမည်ဖြစ်သည်။

လမိုင်းယာမယ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာ အသင်း အဓိကဆုဖလားများဖြစ်သည့် စပိန်လာလီဂါဖလား၊ စပိန်စူပါဖလားနှင့် စပိန်ကိုပါဒယ်ရေးဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့ပြီးနောက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီနှင့် အတူ ရေပန်းစားနေသကဲ့သို့ ကမ္ဘာ့လူငယ်အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင်လည်း ထိပ်ဆုံးမှ ရပ်တည်နေခြင်းဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံး လူငယ် ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် လမိုင်းယာမယ်နှင့်အတူ အသင်းဖော် ကျူဘာစီ၊ လိုင်လီအသင်းမှ ဘိုအူဒီ၊ ပီအက်စ်ဂျီအသင်းမှ ဂျာအိုနီဗက်၊ ဒိုကူ၊ လက်ရှိချယ်ဆီးအသင်းမှ အက်စ်တီဗာအို၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဟူဂျီဆန်၊ အာဆင်နယ်အသင်းမှ လီဝစ်စကယ်လီ၊ ဆိုစီဒက်အသင်းမှ မိုရာနှင့် ဂျူဗင်တပ်အသင်းမှ ရဲလ်ဒိဇ်တို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

## စပါးအသင်း အဓိကကွင်းလယ်ကစားသမား မက်ဒီဆင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်

လန်ဒန် သြဂုတ် ၈

စပါးအသင်း အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် မက်ဒီဆင်သည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သည်။




မက်ဒီဆင်သည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ကစားခဲ့သည့် စပါးအသင်းနှင့် နယူးကာဆယ်အသင်းတို့ ပွဲစဉ်တွင် ပြင်းထန်သည့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

မက်ဒီဆင်၏ ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများလုပ်ဆောင်ခဲ့ရာတွင် ဒဏ်ရာမှာ ပြင်းထန်နေပြီး ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သောကြောင့် ဘောလုံးပြန်လည် ကစားနိုင်ရန်အတွက် ကာလရှည်အနားယူရမည့်အရေးနှင့်ကြုံတွေ့နေရသည်။

မက်ဒီဆင်အနေဖြင့် မကြာမီ ဒူးအရွတ်စုတ်ပြဲဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရမည် ဖြစ်သည့်အတွက် ကြံခိုင်မှု ပြန်လည်ပြည့်ဝနိုင်ရန် အနည်းဆုံး ခြောက်လမှ ရှစ်လ ခန့်ထိ အနားယူရမည့်အခြေအနေများကြောင့် စပါးအသင်းနှင့်အတူ လာမည့်ဘောလုံးရာသီနှောင်းပိုင်းထိ ပူးပေါင်းနိုင်မည်မဟုတ်ကြောင်း သိရသည်။

ထို့ပြင် မက်ဒီဆင်သည်တစ်ရာသီလုံးနီးပါး အနားယူရမည်ဖြစ်သည့်အတွက် အင်္ဂလန်အသင်းနှင့်လည်း ၂၀၂၆ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါ လွဲချော်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

## FedEx St Jude Championship ပြိုင်ပွဲအမှတ်ပေးဇယားကို ဘာတီယာဦးဆောင်

တန်နက်စီ သြဂုတ် ၈

အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ်တွင် ကျင်းပနေသည့် FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘာတီယာက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားဖလက်ဝုဒ်ကသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်ပြီး အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဂျက်စတင်ရိုစ်နှင့် ဟယ်ရီဟောလ်၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမား ကောလေတို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

လက်ရှိပြိုင်ပွဲသည် ပြိုင်ပွဲဝင်အားလုံးအတွက် ရလဒ်ပိုင်းအရေးကြီးနေပြီး FedEx St Jude Championship က ဒုတိယမြောက်ကျင်းပသွားမည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲဝင်ခွင့်ရရှိရေးအတွက် ရလဒ်ကောင်းရန် မဖြစ်မနေလိုအပ်နေသည်။

စည်းမျဉ်းအရ FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမှတ်ပေးဇယား၏ အဆင့်၅၀ အတွင်းဝင်ရောက်နိုင်သူသာ BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဘာတီယာက "အဓိကပြိုင်ပွဲဖြစ်တဲ့အတွက်ကြောင့် ကစားရတာခက်ခဲပေမဲ့လဲ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲဝင်နေရတာလွတ်လပ်ပေါ့ပါးတယ် လို့ခံစားရတယ်။ ဒီလိုလွတ်လပ်ပေါ့ပါးစွာကစားနိုင်တာကလဲ ကိုယ့်ကိုယ်ကိုယ်ဖိအားမပေးဖို့ သတိပြုခဲ့တဲ့အတွက်ကြောင့်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL




## ၂၀၂၅ ခုနှစ် အကောင်းဆုံးကလပ်အသင်းဆုအတွက် ဆန်ခါတင်စာရင်း ထုတ်ပြန်

ဇူးရစ် သြဂုတ် ၈

2025 Ballon d' Or ဆုပေးပွဲတွင် တစ်နှစ်တာအကောင်းဆုံးကလပ်အသင်းဆုအတွက် နောက်ဆုံးဆန်ခါတင်ကလပ်အသင်း ငါးသင်းစာရင်းထုတ်ပြန်ပေးခဲ့သည်။

အဆိုပါ စာရင်းတွင် ၂၀၂၄ ခုနှစ်က တစ်နှစ်တာအကောင်းဆုံး ကလပ်အသင်းဆု ရရှိခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ၂၀၂၅ ခုနှစ် ပြိုင်ပွဲများတွင် ဆုဖလား တစ်လုံးမျှ ရယူနိုင်ခဲ့ခြင်းမရှိသောကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့သော်လည်း စပိန်လာလီဂါမှ ပြည်တွင်းဆုဖလားသုံးလုံးရရှိခဲ့သည့် ဘာစီလိုနာအသင်း၊ ချန်ပီယံလိဂ်ဆုဖလားနှင့် ပြည်တွင်းဖလားများ ရရှိခဲ့သည့် ပီအက်စ်ဂျီအသင်း၊ ယူရိုပါကွန်ဖရင့်လိဂ် ဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလား ရရှိခဲ့သည့် ချယ်ဆီးအသင်း၊ ပရီးမီးယားလိဂ် ဆုဖလားရယူနိုင်ခဲ့သည့် လီဗာပူးအသင်း၊ ဘရာဇီးပြည်တွင်းဖလားနှင့် ကိုပါလီဘာတာဒိုရက်စ် ချန်ပီယံဆုဖလား ရရှိခဲ့သည့် ဘိုတာဖိုဂိုအသင်းတို့ ပါဝင်ခဲ့သည်။

ထို့ပြင် တစ်နှစ်တာအကောင်းဆုံးအမျိုးသမီး ကလပ်အသင်းစာရင်းတွင် ချန်ပီယံလိဂ်ဆုဖလား ရယူနိုင်ခဲ့သည့် အာဆင်နယ်အသင်း၊ စပိန်ပြည်တွင်းဖလားအားလုံးရရှိခဲ့သည့် ဘာစီလိုနာအသင်း၊ အက်ဖ်အေဖလားနှင့် ပရီးမီးယားလိဂ်အမှတ်ပေး ချန်ပီယံဖလားရရှိခဲ့သည့် ချယ်ဆီးအသင်း၊ ပြင်သစ်အမှတ်ပေးချန်ပီယံဖလား ရခဲ့သည့် လိုင်ယွန်အသင်း၊ မေဂျာလိဂ်အမှတ်ပေးဖလား ရခဲ့သည့် အော်လန်နိဒိုပရိုက်အသင်းတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

အမျိုးသား တစ်နှစ်တာ အကောင်းဆုံး ကလပ်အသင်းဆုအတွက် ပီအက်စ်ဂျီအသင်းနှင့် ချယ်ဆီးအသင်းတို့က ရေပန်းစားလျက်ရှိနေပြီး အမျိုးသမီး တစ်နှစ်တာအကောင်းဆုံး ကလပ်အသင်းဆုအတွက် ချယ်ဆီးအမျိုးသမီးအသင်းနှင့် ဘာစီလိုနာအမျိုးသမီးအသင်းတို့က ရေပန်းစားလျက်ရှိကြောင်း သိရသည်။

Ref : SI
Trs : ML

# ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး

ညွှန့်ဝင်း(နတ်တလင်း)

ယခုအခါ အခြေခံပညာကျောင်းများ ဖွင့်လှစ်ခဲ့ရာ တတိယလသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာစွာပညာသင်ယူနိုင်ရေးသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ အာရောဂျံပရမံလာဘံကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု သိမှတ်ထားကြသည်။ ကျန်းမာမှသာ လူမှုကိစ္စအဝဝကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကျန်းမာသောလူ့အဖွဲ့အစည်းဖြစ်လာရေးသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအဆင့်မြှင့်တင်ပေးနိုင်မှုအပေါ်မူတည်သည်။ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများသည် ကျောင်းသားအရွယ်မှစတင်၍ ဆောင်ရွက်နိုင်မှသာ အနာဂတ်လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းမှုရလဒ်များ ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နှစ်စဉ် ဩဂုတ်လတွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ချမှတ်ဆောင်ရွက်လေ့ရှိသည်။ ဩဂုတ်ပထမပတ်ကို မိခင်နို့စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ထားသည်။ ထိုရက်သတ္တပတ်များအနက် ဒုတိယပတ် ငါးနှစ်အောက်ကလေးများနှင့်ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်တွင် ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြရပေမည်။ ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ရန် ကျောင်းသား၊ ကျောင်းသူများကို သိရှိလိုက်နာရမည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ၊ ရောဂါကာကွယ်တားဆီးရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ အာဟာရပြည့်ဝရေးဗဟုသုတများကို ဖြန့်ဖြူးပေးရမည်။ ကျောင်းကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များတွင်-

(၁) ကျောင်းကျန်းမာရေး ပညာပေးလုပ်ငန်းများ။

(၂) ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ။

(၃) ရောဂါကာကွယ်ရေးလုပ်ငန်းများ။

(၄) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ ဘေးအန္တရာယ်ကင်းဝေးရေးလုပ်ငန်း။

(၅) ကျောင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း။

(၆) ကာယနှင့် အားကစားလုပ်ငန်းများ လုပ်ဆောင်ပေးရန်တို့ ပါဝင်သည်။

ကျောင်းသားလူငယ်များ ပညာကောင်းစွာ သင်ယူနိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရမည်။ ကျန်းမာရေးကောင်းမှသာ ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်နိုင်မည်။ ကျန်းမာရေးကောင်းမွန်ရန် ကိုယ်ခံအား ကောင်းရမည်။ ကိုယ်ခံအားကောင်းလျှင် အနာရောဂါများ အလွယ်တကူမဝင်ရောက်နိုင်။ ကိုယ်ခံအားကောင်းရန် ဆောင်ရမည့်၊ ရှောင်ရမည့်လုပ်ငန်းများကို ကလေးများသိရှိနားလည် လိုက်နာနိုင်ရန် လိုအပ်သည်။

ကျန်းမာရေးအသိပညာများကို ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာနိုင်ရေး၊ ဆက်စပ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းအားလုံး လိုက်နာနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရပေမည်။ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးသည် ကျန်းမာရေးအတွက် အခြေခံကျသောအချက်များတွင် ပါဝင်သည်။ ကျန်းမာရေးပူးပေါင်းအဖွဲ့များအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရည်ကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးရမည်။ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်ပုံးများ စနစ်တကျထားရှိရန်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန်လိုအပ်သည်။ ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရန်နှင့် အိမ်သာသန့်ရှင်းရေး နေ့စဉ် ဂရုစိုက်ကြပ်မတ်ဆောင်ရွက်ရန်၊ အိမ်သာတက်ပြီးလျှင် စနစ်တကျလက်ဆေးတတ်ရန်အတွက် ညွှန်ကြားပြသပေးရန် လိုအပ်ပေသည်။

ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းပတ်ဝန်းကျင်ဖြစ်ရန် အမြဲမြှင့်တင်ဆောင်ရွက်ကြရပေမည်။ ဥပမာ-စာသင်ခန်းအတွင်းတွင် ယခင်က ကျောက်သင်ပုန်းနှင့်မြေဖြူကိုသာ အသုံးပြုခဲ့ရာမှ White board နှင့် Marker pen တို့ကို ပြောင်းလဲသုံးစွဲနိုင်အောင် ကြိုးစားခြင်းမျိုးဖြစ်သည်။ အတန်း အတွင်း၊ အပြင် နေ့စဉ်သန့်ရှင်းရုံမက ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်သောက်သုံးရေသန့်ရှင်းရေးသည် အထူးလိုအပ်သည်။ သောက်သုံးရေသန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေး စီမံဆောင်ရွက်ကြရပေမည်။ ကျန်းမာရေးနှင့်ညီညွတ်သောရေရရှိရန် ရေအရင်းအမြစ်များ၏အရည်အသွေးကို ပုံမှန်စစ်ဆေးမှုပြုလုပ်ပေးရန်နှင့် ဆီလျော်သောသန့်စင်မှုပြုလုပ်ပေးနိုင်ရန် လိုအပ်သည်။ ကျောင်းများတွင် ရေသန့်စက်များတပ်ဆင်ပေးခြင်းနှင့် အလျဉ်မီအောင် ရေသန့်ထုတ်လုပ်ပေးနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်ကြရမည်။ သောက်သုံးရေအမြဲသန့်စင်နေရန် နေ့စဉ် အလှည့်ကျလဲလှယ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ပေးခြင်းတို့ လိုအပ်သည်။

ကျောင်းကျန်းမာရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကလည်း အရေးကြီးသည်။ ရောဂါကာကွယ်ရေးတွင် ကူးစက်တတ်သောရောဂါနှင့် မကူးစက်တတ်သောရောဂါတို့ကို ကာကွယ်နိုင်ရန် ကြိုတင်စီမံရမည်။ ခြင်ပေါက်ဖွားမှုအများဆုံးဖြစ်သောမိုးရာသီတွင် ကျောင်းဝန်းကျင်ရေစီးရေလာကောင်းအောင် ရေမြောင်းများတူးဖော်ခြင်း၊ ဆယ်ခြင်းတို့ပြုလုပ်ရမည်။ ခြင်ပေါက်ဖွားနိုင်မည့် ရွှံ့ဗွက်၊ ရေအိုင်များဖို့ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများရှင်းခြင်း၊ ရေကန်များကို ခြင်လုံအောင်ဖုံးအုပ်ခြင်း၊ ရေလှယ်ခြင်း၊ သီတင်းပတ်နောက်ဆုံးရက်များတွင် ကျောင်းဝန်းကျင်နှင့်စာသင်ခန်းများကို ခြင်ဆေးဖျန်းခြင်းတို့ ပြုလုပ်ပေးခြင်းဖြင့် ခြင်ကြောင့်ဖြစ်သော သွေးလွန်တုပ်ကွေး၊ တုပ်ကွေး၊ ငှက်ဖျားရောဂါများ ကင်းဝေးမည်ဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အကြိမ်ပြည့်မီအောင်နှင့် အလစ်အလပ်မရှိအောင်ထိုးနှံပေးရေး၊ လက်ဆေးခြင်း၊ Mask နှင့် Face Shield တပ်ဆင်အသုံးပြုရေး ကြပ်မတ်ဆောင်ရွက်ပေးရန်လိုသည်။

ကျောင်းသား၊ ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများဘေးအန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်ရမည်။ ကျောင်းသားလူငယ်မောင်မယ်များ အာဟာရပြည့်ဝစေရန် ထမင်း(ကစီဓာတ်)အပြင် ကြက်ဥ၊ နွားနို့၊ အဆီ၊ အသား၊ ပဲမျိုးစုံ၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ စုံလင်မျှတအောင်စားသုံးရန် အသိပညာပေးရမည်။ အခြားနိုင်ငံများတွင် မူလတန်းအရွယ်ကလေးများကို နေ့စဉ် နို့တစ်ခွက်တိုက်ကျွေးသည့်အစီအစဉ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။ နို့သည် အာဟာရပြည့်အရပ်ရှည်စေပြီး ကျန်းမာကြံ့ခိုင်စေသည်။ ဒုတိယကမ္ဘာစစ်ကာလက ငပုဟုအခေါ်ခံခဲ့ရသော ဂျပန်လူမျိုးများသည် ယခုအခါ ကမ္ဘာ့စံချိန်မီအရပ်များဖြစ်နေသည်ကို တွေ့နိုင်သည်။ ၎င်းမှာ ဂျပန်လူမျိုးတို့သည် ကျောင်းနေအရွယ်ကလေးငယ်များကို နို့ပုံမှန်တိုက်ကျွေးခြင်းနှင့်အတူ အာဟာရပြည့်ဝအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာအားကစားသမားလူငယ်များသည် အခြားနိုင်ငံက အားကစားသမားများကဲ့သို့ သန်မာထွားကျိုင်းမှု ရှိရမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားအရွယ် အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို အလေးပေးဆောင်ရွက်သင့်သည်။

မြန်မာနိုင်ငံ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းအခြေပြုကျောင်းကျန်းမာရေးသုတေသန (Global School Health Survey) ကို ဆောင်ရွက်ခဲ့သည်။ ထိုသုတေသနကိုဆောင်ရွက်ခြင်းမှာ အသက် ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ကျောင်းသားလူငယ်များ အစားအသောက်ဆိုင်ရာအလေ့အထများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်ကျန်းမာရေး၊ ကိုယ်လက်လှုပ်ရှားကစားခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုနှင့်ပတ်သက်သော အသိပညာများ၊ မတော်တဆထိခိုက်ဒဏ်ရာရမှုများ စသည့်အကြောင်းခြင်းရာများကို သိရှိရန်ရည်ရွယ်သည်။ ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်များမှာ-

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်းမြင့်မားတိုးတက်လာစေရန်၊

(ခ) ကျောင်းသားလူငယ်များကို မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများသိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သော ဘဝပိုင်ရှင်များ ဖြစ်လာစေရန်၊

(ဂ) ကျောင်းသားလူငယ်များ တွေ့ကြုံခံစားနေရသောရောဂါပြဿနာများကို စောစီးစွာ ရှာဖွေကုသပေးရန်၊

(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသောကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊

(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်များဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊

(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်လာစေရန်တို့ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် ပြီးပြည့်စုံသော ကျောင်းကျန်းမာရေးစီမံချက်မဟာဗျူဟာစီမံကိန်းများ အဆင့်ဆင့်ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းများအရ ကျောင်းသားလူငယ်များ တွေ့ကြုံခံစားနေရသည့် အဓိကကျန်းမာရေးပြဿနာများ၊ ကျန်းမာရေးလိုအပ်ချက်များကို ဖော်ထုတ်ကာ ဦးစားပေးနယ်ပယ်များ ရွေးချယ်ခြင်း၊ ရည်မှန်းချက်များချမှတ်ခြင်းနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ကျောင်းကျန်းမာရေးမြှင့်တင်ရန်အတွက် အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် စာသင်ကျောင်းမှ ပြည်သူလူထုအတွင်းသို့ မူမှန်၊ ဘဝမှန်များရောက်ရှိရေးလုပ်ငန်း၊ ကာယပညာနှင့် အားကစားလုပ်ငန်း၊ သင်တန်းနှင့် သုတေသနလုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်းများကို ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ အင်အားကိုအသုံးပြု၍ ဆောင်ရွက်ခြင်း၊ ကျောင်းကျန်းမာရေးနှင့် အဆင့်မြင့်ကျောင်းများတည်ထောင်ရန် ဆောင်ရွက်ခြင်းများ၌ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

**❖ကျောင်းသား၊ ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများဘေးအန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်ရမည်။ ကျောင်းသားလူငယ်မောင်မယ်များ အာဟာရပြည့်ဝစေရန် ထမင်း(ကစီဓာတ်)အပြင် ကြက်ဥ၊ နွားနို့၊ အဆီ၊ အသား၊ ပဲမျိုးစုံ၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ စုံလင်မျှတအောင်စားသုံးရန် အသိပညာပေးရမည်။ အခြားနိုင်ငံများတွင် မူလတန်းအရွယ်ကလေးများကို နေ့စဉ် နို့တစ်ခွက်တိုက်ကျွေးသည့်အစီအစဉ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။ နို့သည် အာဟာရပြည့်အရပ်ရှည်စေပြီး ကျန်းမာကြံ့ခိုင်စေသည်။ ❖**

# Neon ရုပ်ရှင်ကုမ္ပဏီက Exit-8 ဇာတ်ကားကို မြောက်အမေရိကဈေးကွက်၌ ဖြန့်ချိပြသမည်ဖြစ်




နယူးယောက် ဩဂုတ် ၈

ဂျပန်ဒါရိုက်တာ ဂျန်ကီကာဝါမူရာ ရိုက်ကူးထားသည့် Exit-8 အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို Neon ရုပ်ရှင်ကုမ္ပဏီက မြောက်အမေရိက ဈေးကွက်၌ဖြန့်ချိပြသမည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

Neon ရုပ်ရှင်သည် Exit-8 ဇာတ်ကားကို ၂၀၂၆ ခုနှစ်တွင် မြောက်အမေရိက ဈေးကွက်၌ စတင်ရုံတင်ရန် စီစဉ်ထားသည်။

Exit-8 ဇာတ်ကားသည် နာမည်ကျော်ဗီဒီယိုဂိမ်းတစ်ခုကို အခြေခံရိုက်ကူးထားသော ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Exit-8 ဇာတ်ကားသည် ဂျပန်မြေအောက်ရထားလမ်းစနစ်တစ်ခုထဲ၌ လမ်းပျောက်နေသူများ၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

Exit-8 ဇာတ်ကားတွင် မင်းသား ကာဇူနာရီနီနိုမီယာ၊ ယာမာဘိုကိုချီအပါအဝင် ဂျပန်သရုပ်ဆောင်အများအပြား ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Exit-8 ဇာတ်ကားကို ကနေဒါနိုင်ငံ၌ ကျင်းပမည့် ယခုနှစ် တိုရွန်တိုရုပ်ရှင်ပွဲ၌ ပွဲဦးထွက်ပြသရန် ဒါရိုက်တာ ဂျန်ကီကာဝါမူရာက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# Star Wars: Starfighter ဇာတ်ကား၌ မင်းသား မက်စမစ် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဩဂုတ် ၈

လူးကပ်ရုပ်ရှင်ကုမ္ပဏီ၏ Star Wars: Starfighter ရုပ်ရှင်ဇာတ်ကားသစ်တွင် House of the Dragon မင်းသား မက်စမစ်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

Star Wars: Starfighter ဇာတ်ကားတွင် မင်းသား မက်စမစ်သည် မင်းသား ရိုင်ယန်ဂိုးစလင်း၊ မင်းသမီး မီရာဂိုတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား မက်စမစ်သည် ဗီလိန်ဇာတ်ကောင်တစ်ဦးနေရာ၌ ပါဝင်သရုပ်ဆောင်ရဖွယ်ရှိသည်။

Star Wars: Starfighter ဇာတ်ကားကို ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုနသန်ထရောပါက ရေးသားပေးထားသည်။

Star Wars: Starfighter ဇာတ်ကားရိုက်ကူး ထုတ်လုပ်မှုကို ယခုနှစ် ဆောင်းရာသီအတွင်း စတင်ရန် စီစဉ်ထားပြီး လူးကပ်ရုပ်ရှင်ကုမ္ပဏီသည် အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၇ ခုနှစ် မေ ၂၈ ရက်တွင် ရိုက်ကူးပြသရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# မယားကျွန်ဇာတ်လမ်းတွဲကို ဩဂုတ် ၁၄ ရက်မှစတင်ကာ မဟာမိုဘိုင်းအပလီကေးရှင်းမှ ထုတ်လွှင့်ပေးမည်ဖြစ်

ရန်ကုန် ဩဂုတ် ၈

လာဗန်တာ ရုပ်ရှင်ထုတ်လုပ်ရေးနှင့် မဟာမိုဘိုင်းအပလီကေးရှင်းတို့ ပူးပေါင်းရိုက်ကူး ထုတ်လုပ်သည့် မယားကျွန် ဇာတ်လမ်းတွဲကို ဩဂုတ် ၁၄ ရက်မှ စတင်ကာ မဟာမိုဘိုင်းအပလီကေးရှင်းမှ ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ ကျော်ထက်အောင်ထံမှ သိရသည်။

အဆိုပါ မယားကျွန်ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းကို ကျူးလစ်မေမေက ရေးသားထားပြီး ဇာတ်ကဇာတ်ညွှန်းရေးကာ ဒါရိုက်တာ ရာဇဝင်ကိုက ပုံဖော်ဖန်တီး ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ချစ်ခြင်းမေတ္တာရဲ့ အားပြိုင်မှုတွေကြားမှာ မလိုမုန်းထားမှုတွေနဲ့ အငြိုးတရားတွေက အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ကို လောင်မြိုက်မှုတွေနဲ့အတူ အတ္တတိုက်ပွဲကြီးဖြစ်သွားစေတာကို ဖော်ဆောင်ထားပါတယ်။ အတ္တမီးတောက်တွေနဲ့ သူတို့တွေဘယ်လိုလောင်ကျွမ်း သွားကြမလဲဆိုတာ မယားကျွန် ဇာတ်လမ်းတွဲထဲမှာ အတူတူစောင့်ကြည့်ကြမယ်"ဟု သရုပ်ဆောင် ကျော်ထက်အောင်က ပြောပြသည်။




အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ အုပ်စိုးခန့်၊ စိုးမြတ်သူဇာ၊ လင်းဇာနည်ဇော်၊ ခြူးလေး၊ သံသာဦး စသည့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သရုပ်ဆောင် ကျော်ထက်အောင်က ပြောပြ၍ သိရသည်။

ASH

# Buddy ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ဒယ်လာနီကွင်း ပါဝင်မည်ဖြစ်

နယူးယောက် ဩဂုတ် ၈

Buddy အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်၌ The Rose မင်းသမီး ဒယ်လာနီကွင်းက အဓိက ဇာတ်ကောင်းအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

Buddy ဇာတ်ကားတွင် မင်းသမီး ဒယ်လာနီကွင်းသည် မင်းသမီး ခရစ္စတင်းမီလီယိုတီ၊ မင်းသား တိုဖာဂရေ့စ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Buddy ဇာတ်ကား၏ ဇာတ်ကောင်နေရာများကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

Buddy ဇာတ်ကားကို ဒါရိုက်တာ ကတ်စပါးကယ်လီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေမီကင်းနှင့်ပူးတွဲရေးသားထားကြောင်း သိရသည်။

Buddy ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို မသိရသေးသော်လည်း ပုံစံသစ်ထိတ်လန့်သည်းဖို ဇာတ်ကားအဖြစ် ထုတ်လုပ်သူများက ညွှန်းဆိုထားပြီး Buddy ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို အိုင်ယာလန်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Channel K ရုပ်သံလိုင်းမှ အချစ်ဒဏ် ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၁၆ ရက်မှ စတင်ကာထုတ်လွှင့်သွားမည်

ရန်ကုန် ဩဂုတ် ၈

Channel K ရုပ်သံလိုင်းမှ အချစ်ဒဏ် ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၁၆ ရက်မှ စတင်ကာ ထုတ်လွှင့် သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ ဇာတ်မင်းသားကြီး ရွှေမန်းချမ်းသာထံမှ သိရသည်။

အဆိုပါ အချစ်ဒဏ် ဇာတ်လမ်းတွဲကို ဩဂုတ် ၁၆ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေ ညစဉ် ည ၇နာရီ အချိန်တွင် ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းလား၊ စွန့်လွှတ် အနစ်နာခံခြင်းလား ဆိုတဲ့ မေးခွန်းကို အဖြေပေးထားပါတယ်။ တကယ်တော့ အချစ်တစ်ခု ဖြစ်ဖို့အတွက် အချစ်ပဲလိုအပ်ပါတယ်။ အချစ်ကို ပုံစံမျိုးစုံနဲ့ ပုံဖော်တဲ့အခါမှာ ထားရှိခဲ့ကြတဲ့ တန်ဖိုးအတိုင်း အထူးအပါးကွဲပြားပြီး မလွဲမသွေ ပြန်လည်ခံစား ကြရမှာတော့ အချစ်ရဲ့ဒဏ်တွေပါပဲ" ဟု ဇာတ်မင်းသားကြီး ရွှေမန်းချမ်းသာက ပြောပြသည်။

အဆိုပါ အချစ်ဒဏ် ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းသည် စာရေးဆရာ နီကိုရဲ၏ ဇာတ်လမ်းဖြစ်ပြီး စွမ်းပိုင်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မောင်ပြည့်ဝ (ပန်းဝေသီ)က မြို့ရွှေမန်းသား ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

အဆိုပါ အချစ်ဒဏ် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရွှေမန်းချမ်းသာ၊ ချမ်းညီညီ၊ ရဲမွန်၊ Pig ကြီး၊ ကိုဖြိုး၊ ဖွဲမာန်ဟိန်း၊ အေးမြတ်သူ၊ အေးသီတာ၊ သုန္ဒြေဦး(ဇာကြီး)၊ နန်းရွှေအိမ်၊ ယမုံ၊ ယမင်း၊ ဧည့်သည်သရုပ်ဆောင် ဦးဝင်းမြင့်၊ လုလုနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း ဇာတ်မင်းသားကြီး ရွှေမန်းချမ်းသာက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# A brief biography of U Myint Swe, Pro Tem President of the Republic of the Union of Myanmar



Pro Tem President of the Republic of the Union of Myanmar U Myint Swe was born to U Kyee Maung and Daw Kyi in Mandalay on 24 June 1951. He attended the 15th Intake of the Defence Services Academy in 1969 and was appointed as a commissioned officer in 1973.

He served assigned duties at relevant regiments and units diligently. He concurrently served the duty of the Commander of No 11 Light Infantry Division and the Brigadier-General General Staff from 1998 to 2001. He also discharged duties of the Commander of South-East Command and the Yangon Command from 2001 to 2004. During the period from 2004 to 2006, he concurrently served duties of the Chief of Military Affairs Security and the Commander of Yangon Command. He also served as the Chief of No 5 Bureau of Special Operations of the Office of the Commander-in-Chief (Army) from 2006 to 2011.

He discharged duties of the Chief Minister of the Yangon Region government in the first term of Hluttaw from 2011 to 2016, the Vice-President (1) of the President Office of the Republic of the Union of Myanmar in the second term of Hluttaw from 2016 to 2021 and the Pro Tem President from the State of Emergency in 2021 until his passing. As he served his duties with excellent performances for the interests of Tatmadaw, the State and the people day and night, he was deservedly awarded the General Service Medal, the People's Militia Combating Medal, the State Peace and Development Council medal, the Mongyang/Methawaw medal, the Good Military Service medal, the Thingaha medal, the Thray Sithu title, the Thadoe Thiri Thudhamma title, and the Thadoe Maha Thray Sithu title. Moreover, he diligently chaired and co-chaired different committees formed for safeguarding and preserving nationality and religion in successive governments.

At the time of his passing, he was survived by his wife Daw Khin Thet Htay, daughter Daw Khin Thet Htar Swe, and son Captain Kyaw Phone Myint (retired). It is known that the State funeral for Pro Tem President U Myint Swe will be held on 11 August 2025.

100

# Myinmu Township finishes cultivation of more than 1,000 acres of cotton crop

**Myinmu August 8**

Statistics of Sagaing District Agriculture Department stated that local farmers planted 1,979 acres of cotton crops in Myinmu Township of Sagaing Region this year.

During the 2025-2026 monsoon cropping season, local authorities earmarked to cultivate 21,140 acres of cotton in Myinmu Township. Planting began in May this year, and as of today, 1,979 acres have already been cultivated.

"For this year's monsoon season, over 20,000 acres of cotton are planned for cultivation in Myinmu Township. So far, more than 1,900 acres have been planted, and cultivation is ongoing. To ensure that farmers can sow on time with ease, we are providing quality cotton seeds to support successful production," said Daw Thida Lwin, Head of the Sagaing District Agriculture Department.

This year in Myinmu Township, the Township Agriculture Department has been providing technical training for cotton growers, focusing on the availability of high-quality and pure seeds, pest and disease prevention, proper cultivation techniques, and yield improvement. Technical support is also being provided according to the needs of cotton farmers.

The average cost of cultivating one acre of cotton is around K350,000, and the yield per acre is about 1,000 viss.

Cotton can be intercropped with other crops such as onion (as an early crop) and pigeon pea (as a late crop), allowing farmers to benefit from multiple harvests and increased income.

Cotton is being successfully cultivated in 19 townships across Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu Districts.

206

# UN human rights chief urges Israel to halt Gaza takeover plan

**Geneva August 8**

UN human rights chief Volker Turk said on Friday that the Israeli government's plan for a complete military takeover of the occupied Gaza Strip "must be immediately halted."

"It runs contrary to the ruling of the International Court of Justice that Israel must bring its occupation to an end as soon as possible, to the realisation of the agreed two-state solution and to the right of Palestinians to self-determination," said Turk, UN High Commissioner for Human Rights, in a statement.

He warned that this further escalation "will result in more massive forced displacement, more killing, more unbearable suffering, senseless destruction and atrocity crimes."

Instead of intensifying this war, the Israeli government should put all its efforts into saving the lives of Gaza's civilians by allowing the full, unfettered flow of humanitarian aid, Turk stressed.

In addition, the hostages must be immediately and unconditionally released by Palestinian armed groups, and Palestinians arbitrarily detained by Israel must also be immediately and unconditionally released, he said.

Israel's Security Cabinet has approved a plan to take over Gaza City, Prime Minister Benjamin Netanyahu's office said in a statement on Friday.

Xinhua

# Fast-moving wildfire forces evacuations in Southern California

**Los Angeles August 8**

Evacuations were ordered on Thursday for communities near a fast-moving wildfire in a canyon area in Southern California amid a major heat wave.

The wildfire, dubbed the Canyon fire, broke out around 1:25 p.m. local time (2025 GMT) near Piru, a small historic town located in eastern Ventura County and around 77 km northwest of Los Angeles. The blaze grew rapidly to over 1,000 acres (around 4.05 square km) in hours with no containment, according to the California Department of Forestry and Fire Protection (Cal Fire).

Local officials issued multiple evacuation orders and warnings for some communities near the fire in Ventura and Los Angeles counties.

"Immediate threat to life. This is a lawful order to LEAVE NOW. The area is lawfully closed to public access," said Cal Fire in its evacuation orders.

"The Canyon Fire is spreading fast under extreme heat and dry conditions near Ventura-LA County line," said Los Angeles County Supervisor Kathryn Barger in a post on X, urging residents in the area to "take evacuation orders seriously -- when first responders say GO, leave immediately."

The temperature in the area reached 37.8 degrees Celsius on Thursday, with 15-17 percent humidity, according to the U.S. National Weather Service.

Xinhua



Firefighters battle to contain the wildfire in Ventura County, California, the United States, Aug. 7, 2025.

# More than 2,000 acres of groundnut planted in ChaungU Township



A groundnut plantation in ChaungU Township.

**ChaungU August 8**

Local farmers have cultivated 2,115 acres of groundnut in ChaungU Township of Sagaing Region, according to the township Agriculture Department.

During the 2025-2026 monsoon cropping season, a plan was set to cultivate 9,800 acres of groundnut in ChaungU Township. Planting began in May this year, and as of today, 2,115 acres have been successfully cultivated.

"The plan for this year's monsoon season in ChaungU Township is to grow over 9,000 acres of groundnut. So far, over 2,000 acres have already been cultivated. Efforts are being made to meet the full targeted acreage. As an oil crop, groundnut is performing well, and its cultivation has been increasing year by year," said U Tint Swe, Head of the ChaungU Township Agriculture Department.

In ChaungU Township, groundnut is typically sown at one and a half baskets of seed per acre. The average cost per acre — including seed expenses, labor, fertilizer, and pesticide costs — is reported to exceed K200,000, and yields can exceed 50 baskets per acre.

To ensure the success of groundnut cultivation this year, as well as to prevent pest infestations and maintain weed-free fields, staff from the Township Agriculture Department have been conducting field inspections and recording monitoring data from the cultivation areas.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mingin Township cultivates more than 3,000 acres of groundnut as monsoon crop

**Mingin August 8**

Mingin Township Agriculture Department of Sagaing Region stated that local farmers planted a total of 3,017 acres of groundnut in the township this year.

During the 2025-2026 monsoon cropping season, it has been planned to cultivate 5,905 acres of groundnut in Mingin Township. Planting began in May this year, and as of today, 3,017 acres have already been cultivated.

"For this year's monsoon season in Mingin Township, we have planned to grow over 5,000 acres of groundnut. So far, more than 3,000 acres have already been planted. Efforts are ongoing to ensure the full target acreage is met. As an oil crop, groundnut is progressing successfully, and cultivation has been increasing year by year," said Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture.

In Mingin Township, groundnut cultivation requires about one and a half baskets of seeds per acre. The total cost per acre—including seed costs, labor wages, fertilizers, and pesticides—is over K200,000. Yields average over 50 baskets per acre.

This year, to ensure successful groundnut production, prevent pest and disease outbreaks, and maintain weed-free fields, staff from the Mingin Township Department of Agriculture are conducting field inspections and keeping monitoring records in cultivation areas.

206

# More than 3,000 acres of maize and sweet corn in Kyaukmyaung Sub-Township

**Kyaukmyaung August 8**

According to Kyaukmyaung Sub-Township Agriculture Department of Sagaing Region, local farmers have planted more than 3,000 acres of maize and sweet corn in the sub-township this year.

During the 2025–2026 monsoon crop season, it has been projected that a total of 7,232 acres will be cultivated in Kyaukmyaung Sub-Township—3,579 acres of maize and 3,653 acres of sweet corn. Planting began in June of this year, and as of today, 1,503 acres of maize and 2,174 acres of sweet corn—totalling 3,677 acres—have already been planted.

"The plan for this year's monsoon season in Kyaukmyaung Sub-Township is to cultivate over 7,000 acres of maize and sweet corn. So far, over 3,000 acres have already been cultivated. We are working to ensure that the full targeted acreage is met. To ensure the crops grow successfully, we're conducting awareness campaigns and providing education on disease and pest prevention," said Daw Khin Win, Head of the Kyaukmyaung Sub-Township Department of Agriculture.

This year, the Department of Agriculture in Kyaukmyaung Sub-Township has been providing training to farmers cultivating maize and sweet corn, organizing field demonstrations, carrying out preventive measures against fall armyworm, and promoting integrated pest management systems. These include the use of neem-based insecticides, natural remedies like ginger and chili, and general agricultural education.

It is reported that in Kyaukmyaung Sub-Township, maize yields over 50 baskets per acre and incurs an average cost of K500,000 per acre. Sweet corn yields around 15,000 ears per acre and also involves a production cost of over K500,000 per acre.

206

# Over 19,000 acres of green gram grown in Yinmabin District this year

**Yinmabin August 8**

According to the statistics of Yinmabin District Agriculture Department, local farmers planted 19,332 acres of green gram as monsoon crops in Yinmabin District of Sagaing Region this year.

In the 2025-2026 monsoon crop season, a total of 38,668 acres of green gram are earmarked for cultivation in Yinmabin District. Cultivation began in May this year, and as of today, 11,112 acres have been cultivated in Yinmabin Township, 3,830 acres in Kani Township, 10,850 acres in Salingyi Township, and 3,540 acres in Pale Township, totalling 19,332 acres.

"This year, we've planned to cultivate over 38,000 acres of green gram during the monsoon season in Yinmabin District. So far, more than 19,000 acres have been planted, and efforts are ongoing to meet the full target. We are also providing awareness to farmers on expanding green gram cultivation and using quality, pure seeds to improve yields," said Daw Myat Moe Win, Head of the Department of Agriculture for Yinmabin District.

The township-wise target distribution for green gram cultivation in Yinmabin District during the 2025-2026 monsoon season is 5,462 acres in Yinmabin Township, 12,661 acres in Kani Township, 17,043 acres in Salingyi Township, and 3,502 acres in Pale Township, totalling 38,668 acres.

This year, the respective township agriculture departments are providing farmers with technical knowledge, including how to select quality and region-appropriate seed varieties, proper cultivation methods, pest prevention, and systematic use of fertilizers — all to ensure good yields and sustainable production.

Officials of relevant Agriculture Department distribute quality seeds of crops, agricultural inputs, and post-harvest technology to local farmers in order to boost per-acre yield of crops.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်တပ်မတော်က ဂျပန်ကြည်းတပ်နှင့်ပူးပေါင်းစစ်ရေးလေ့ကျင့်မှုတွင် NMESIS စနစ်ကို တပ်ဖြန့်ချထားရန်စီစဉ်နေ



အမေရိကန်တပ်မတော်သည် လာမည့်လတွင် ဂျပန်ကြည်းတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် ပူးပေါင်းကာပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုတွင် ရေတပ်-မရိန်းတပ်ဖွဲ့သုံး သင်္ဘောတိုက်ခိုက်ရေးစနစ် (NMESIS)ကို တပ်ဖြန့်ချထားရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နှစ်စဉ်ကျင်းပနေသည့် Resolute Dragon ဟူသောစစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ အမေရိကန်-ဂျပန် မဟာမိတ်အဖွဲ့၏ ကာကွယ်ရေးစွမ်းရည်များကို အထူးသဖြင့် ဂျပန်၏ဝေးလံခေါင်သီသော ကျွန်းများကိုကာကွယ်ရန်အတွက် ခိုင်မာအားကောင်းလာစေရန်ဖြစ်သည်။

ဂျပန်အသံလွှင့်ကော်ပိုရေးရှင်း(NHK) သတင်းဌာန၏ဖော်ပြချက်အရ စက်တင်ဘာလ ၁၁ ရက်မှ ၂၅ ရက်ထိပြုလုပ်မည့် ၎င်းလေ့ကျင့်မှုကို ဂျပန်နိုင်ငံတစ်ဝန်းလုံးရှိတောင်ပိုင်းကျူရှူးဒေသ၊ မြောက်ဘက်အကျဆုံးစီရင်စုဖြစ်သည့် ဟော့ကိုင်းဒိုးကမ်းရိုးတန်းမှ မိုင် ၇၆၀ (ကီလိုမီတာ ၁၂၂၀) အကွာတွင်တည်ရှိသော အီဝိုဂျီးမားကျွန်းတို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဂျပန်ကြည်းတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ စစ်သည်အင်အား ၁၂၀၀၀ ခန့်နှင့် အမေရိကန်တပ်မတော်မှ စစ်သည်အင်အား ၁၉၀၀ ခန့်ပါဝင်မည်ဟု ခန့်မှန်းရပြီး ရှော့ကတ်အမြောက်တိုက်ရိုက်ပစ်ခတ်စဉ်များ ပါဝင်နိုင်ကြောင်း သိရသည်။

NHK သတင်းဌာန၏ ပြောကြားချက်အရ အိုကီနာဝါကျွန်းရှိ အီရှိဂါကီစစ်စခန်းတွင် NMESIS သင်္ဘောတိုက်ဖျက်ရေးလက်နက်စနစ် ဖြန့်ကြက်ချထားရေးကိုလည်း စီစဉ်နေကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည့် ဤလက်နက်စနစ်တွင် မောင်းသူမဲ့ပူးပေါင်းစစ်ဆင်ရေးသုံးနည်းဗျူဟာမြောက်ယာဉ် (unmanned Joint Light Tactical Vehicle – JLTV) ပေါ်တွင် တပ်ဆင်ထားသည့် ရေတပ်သုံးတိုက်ခိုက်ရေးဒုံးကျည် (Naval Strike Missiles)နှစ်စင်းတပ်ဆင်ထားသည်။

ယာဉ်တင်လက်နက်စနစ်ဖြစ်သောကြောင့် လေကြောင်းခရီးဖြင့်အမြန်သယ်ယူဖြန့်ကြက်နိုင်ပြီးမိုင် ၁၁၅ (၁၈၅ ကီလိုမီတာ) အကွာအဝေးထိရှိသော ရေကြောင်းခြိမ်းခြောက်မှုများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်သည်။ ဤလက်နက်စနစ်သည် အင်အားကိုပြန့်ခွဲ၍ မောင်းသူပါ-မောင်းသူမဲ့ယာဉ်များ ပေါင်းစပ်အသုံးပြုရန် အလေးပေးလုပ်ဆောင်နေသည့် အမေရိကန်တပ်မတော်၏ ရေကြောင်းစစ်ဆင်ရေးဖြန့်ခွဲလုပ်ဆောင်နိုင်မှု သဘောတရား၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။

ဂျပန်တွင် ဤသင်္ဘောဖျက်တိုက်ခိုက်ရေးစနစ် ဖြန့်ကြက်ချထားရေးစီစဉ်နေခြင်းမှာ ယခုနှစ်အစောပိုင်းတွင် အမေရိကန်-ဖိလစ်ပိုင်နှင့် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း ပထမဆုံးအကြိမ်တပ်ဖြန့်အသုံးပြုခဲ့မှုနောက်ပိုင်းတွင် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါဖိလစ်ပိုင်၊ ဂျပန်နှစ်နိုင်ငံစလုံးသည် ပဋိပက္ခတစ်ခုဖြစ်လာပါက အရှေ့အာရှရေပိုင်နက်အတွင်း တရုတ်ရေတပ်ကိုထိန်းချုပ်ရန် ရည်ရွယ်သည့် အမေရိကန်၏ ပထမကျွန်းကွင်းဆက် ရေကြောင်းမဟာဗျူဟာ၏အရေးပါသောအစိတ်အပိုင်းများလည်းဖြစ်ကြသည်။

တစ်ချိန်တည်းမှာပင် တစ်ဖက်မှလည်း တရုတ်နိုင်ငံသည် နှစ်နိုင်ငံကြား ပြည့်စုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို နက်ရှိုင်းစေရန် ရည်ရွယ်ပြီး ဩဂုတ်လဆန်းတွင် ရုရှားနိုင်ငံနှင့် ဂျပန်ပင်လယ်၌ ပူးတွဲရေတပ်လေ့ကျင့်မှုများ ပြုလုပ်လာခဲ့သည်။ သုံးရက်ကြာကျင်းပခဲ့သော ထိုစစ်ရေးလေ့ကျင့်ခန်းတွင် ပဲ့ထိန်းဒုံးကျည်ဖျက်စစ်သင်္ဘောအပါအဝင် တရုတ်ရေတပ်စစ်သင်္ဘော လေးစင်းပါဝင်ပြီး ရေငုပ်သင်္ဘောကယ်ဆယ်ရေးလုပ်ငန်းများ၊ ပူးတွဲရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ လေကြောင်းရန်ကာကွယ်ရေးနှင့် ဒုံးကျည်ကာကွယ်ရေးလေ့ကျင့်မှုများအပြင် ရေကြောင်း တိုက်ခိုက်ရေးလေ့ကျင့်မှုများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

**Us Army Launcher Sweeping Overhaul to Bolster Integrated Air, Missile and Space Defense.** ကို ဘာသာပြန်ဆိုထားပါသည်။

## ဩစတြေးလျ EOS ကုမ္ပဏီက လေဆာအခြေပြု တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ပံ့ပိုးပေးရန် ဥရောပနိုင်ငံတစ်နိုင်ငံမှ အမှာစာလက်ခံရရှိ

ဩစတြေးလျနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Electro Optic Systems (EOS) သည် လေဆာအခြေပြုတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ပံ့ပိုးပေးရန် အမေရိကန်ဒေါ်လာ ၈၃ သန်းတန်ဖိုးရှိ အမှာစာကို ဥရောပနိုင်ငံတစ်နိုင်ငံမှ လက်ခံရရှိထားကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပရှိမည်သည့်နိုင်ငံဖြစ်သည်ဟု ဖော်ပြခြင်းမရှိသည့် NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ၁၀၀ ကီလိုဝပ်အဆင့် လေဆာလက်နက်အခြေပြု တန်ပြန်ဒရုန်းတိုက်ဖျက်ရေးကိုမှာယူခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း ဆက်စပ်ပစ္စည်းများ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ဤအမှာစာ သဘောတူစာချုပ်တွင် အပိုပစ္စည်းများ၊ သင်တန်းပေးခြင်းနှင့် စာရွက်စာတမ်းများပါဝင်ပြီး EOS ကုမ္ပဏီ၏ လေဆာဆန်းသစ်တီထွင်မှုစင်တာမှတစ်ဆင့် ပစ္စည်းများပို့ဆောင်ပေးသွားမည်ဖြစ်သည်။

"EOS ကုမ္ပဏီက ဒီလေဆာအခြေပြုဒရုန်းတန်ပြန်စွမ်းရည်အသစ်ကို လက်ရှိလိုအပ်နေတဲ့ ဈေးကွက်ဝယ်လိုအားနဲ့ ဒရုန်းအုပ်စုလိုက် တိုက်ခိုက်မှုတွေကနေ ကာကွယ်နိုင်ဖို့ အရေးပေါ်လိုအပ်လာတဲ့ မဟာဗျူဟာပိုင်းဆိုင်ရာလိုအပ်ချက်တွေကို စရိတ်သက်သာစွာ ဖြေရှင်းပေးနိုင်ရေးအတွက် တီထွင်ခဲ့တာပါ။ ဒါဟာ ကမ္ဘာ့ပထမဆုံး ၁၀၀-ကီလိုဝပ်အဆင့် လေဆာကာကွယ်ရေးစနစ်အတွက် ပြည်ပပို့ကုန်မှာယူမှုလဲဖြစ်ပါတယ်။ ဒီမှာယူမှုဟာ EOS ရဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေတဲ့ ဈေးကွက်ရှာဖွေရေး၊ အရောင်းမြှင့်တင်ရေးနဲ့ ဖောက်သည်တွေအတွက် သရုပ်ပြလှုပ်ရှားမှုတွေကြောင့် ဖြစ်လာတာပါ" ဟု EOS ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Andreas Schwer က ပြောကြားခဲ့သည်။

EOS ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Andreas Schwer ၏ပြောကြားချက်အရ လေဆာရောင်ခြည်များစွာကို ပေါင်းစပ်ထားသည့် ဤစနစ်သည် တစ်မိနစ်အတွင်း ဒရုန်းအစင်းရေ ၂၀ ထိ ပစ်ချနိုင်ကြောင်း၊ ၎င်းသည် အလင်း၏အလျင်ဖြင့် သွားလာသည့် လေဆာရောင်ခြည်များကို ထုတ်လွှတ်ပြီး ပစ်မှတ်ကိုအလွန်တိကျစွာ ခြေရာခံထိန်းကျောင်းကာ လေဆာရောင်ခြည်ကိုပစ်မှတ်ပေါ်၌ ထိမှန်နိုင်စေခြင်းဖြစ်ကြောင်း သိရသည်။ ထိုအလင်းစွမ်းအင် (လေဆာရောင်ခြည်) သည် ပုံမှန်အားဖြင့် တစ်စက္ကန့်မှ နှစ်စက္ကန့်အတွင်း ဒရုန်းကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်ဟုလည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။



အဆိုပါစနစ်သည် တာတိုတာဝေးရှိ ဒရုန်းအုပ်စုများကို တန်ပြန်တိုက်ခိုက်နိုင်သည့်အပြင် ဒုံးကျည်များပေါ် အခြေခံသည့်သမားရိုးကျတန်ပြန်ဒရုန်းတိုက်ခိုက်ရေး စနစ်များထက်လည်း များစွာပိုမိုစရိတ်သက်သာစေသည်။

“ဒုံးကျည်စနစ်တွေက တစ်ချက်ပစ်တိုင်းကိုဒေါ်လာ ငါးသိန်းကနေ ဒေါ်လာနှစ်သန်းထိကုန်ကျပါတယ်။ လေဆာစနစ်ကတော့ တစ်ချက်ပစ်ရင် ၁၀ ဆင့်ထက်တောင် နည်းပါတယ်။ လေဆာတွေဟာ အပေါ်ကို တိုက်ရိုက်ပစ်နိုင်ပေမဲ့ ကျည်ဆန်တွေ၊ ဒုံးကျည်တွေနဲ့ပစ်ခတ်တဲ့ လက်နက်တွေလို အပေါ်တည့်တည့်ကိုပစ်ဖို့ မဖြစ်နိုင်ပါဘူး”ဟု Schwer က ပြောသည်။

ကုမ္ပဏီအနေဖြင့် ၁၅၀ ကီလိုဝပ်ထိ စွမ်းအင်ထုတ်လွှတ်နိုင်သည့် ပိုမိုအားကောင်းသည့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကိုပါ ဆက်လက်တီထွင်ထုတ်လုပ်ရန် စဉ်းစားနေကြောင်း သိရသည်။

**Australian Firm Wins Contract for 100-Kilowatt Laser Counter-Drone System** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကန့်ဘလူ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံကေ ၁၁၅၆၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၃၃၆၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲစင်းငုံကေ ၁၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှု အနေနဲ့လက်ရှိလျာထားကေထက် ကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ပုသိမ် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဒေသထွက် အုန်းသီးအလုံးရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက အုန်းသီးအလုံးရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

" ပုသိမ်မြို့နယ်ကနေ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာလဲ အုန်းသီးတွေ ဝယ်ယူအားကောင်းခဲ့ပြီး အုန်းသီးအလုံးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိ ဩဂုတ်လထဲမှာလဲ အုန်းသီးတွေ ဝယ်ယူဖို့ ချိတ်ဆက်မှာယူထားပါတယ်။ ဒေသထွက် အုန်းသီးအနုသီးတွေလဲ ဝယ်ယူအားတက်လာတဲ့အတွက်စိုက်ပျိုးတဲ့သူတွေအနေနဲ့အဆင်ပြေတာပေါ့"ဟု ပုသိမ်မြို့နယ် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့အုန်းသီးများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဆင်ချည်တိုင်ကျေးရွာအုပ်စု ကုန်းသာကျေးရွာ၌ ဩဂုတ် ၇ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်အေးအေးသန့်က ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းသာကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၇၀ ထံသို့ VRFP ရန်ပုံငွေကျပ် ၃၇၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။ **ဇင်မာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ရမည်းသင်းမြို့နယ် နတ်စင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ရမည်းသင်း ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် သိမ်ကုန်းကျေးရွာအုပ်စု နတ်စင်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ် နတ်စင်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်းသုံးရာဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နို့စားနွားမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်ထံမှ သိရသည်။ **သူသူငြိမ်း**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦး-ဥသျှစ်ကုန်းလမ်းမှ ဇျက်ကလေးကျေးရွာချင်းအဝင်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုနှင့် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ဒိုးတန်းကျေးရွာနေ တောင်သူဦးမောင်စိုး၏ အောင်နိုင်တိုးအထွက်တိုးမျိုး၊ စံပြမိုးစပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးမြို့နယ် ပြည်တော်အေးကျေးရွာရှိ ဥဿာစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမအသင်းသား တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး၊ သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး တောင်သူများအဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သီးနှံများဈေးကွက်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အသင်းပိုင်ငါးမွေးကန်များ၌ ငါးမြစ်ချင်းငါးမျိုးများ စိုက်ထည့်ပေးခဲ့ပြီး ဒေသကြက်မွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သနပ်ပင်မြို့နယ် ဖရဲကျေးရွာသို့ရောက်ရှိပြီး ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေးစီမံကိန်း (RBF)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွှေငါးအစုအဖွဲ့၏ ငါးစီဖောင်းခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အခြေခံစက်ချုပ်ပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော စက်ချုပ်လုပ်ငန်းဆောင်ရွက်နေသူများ၏ စက်ချုပ်ဆိုင်လုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်အသုံးပြုနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ MyanmaAwba Bio Tech ကုမ္ပဏီလီမိတက်၏ Organic Compound Fertilizer စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးစွန့်ပစ်ပစ္စည်းများမှ သဘာဝမြေသြဇာ ထုတ်လုပ်မှုကို အားပေးဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသော သဘာဝမြေသြဇာများကိုတောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်အောင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြား၍ စက်ရုံအတွင်း သဘာဝမြေသြဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိနယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကာ ဆရာဝန်၊ သူနာပြုများအား ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် One Stop Service ဖြင့် ဆောင်ရွက်ပေး



နေပြည်တော် ဩဂုတ် ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic၊ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ်ဦးစီးမှူးရုံးဝင်းအတွင်းရှိ Container House ၌ မြို့နယ်ရုံးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများစုပေါင်း၍ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းအချက်အလက်များ တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မြို့နယ်ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆိုပါရုံးခန်းမ၌ မြို့နယ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ စာရွက်စာတမ်းများနှင့် ရုံးပစ္စည်းများ၊ e-ID ဆိုင်ရာစက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေး စစ်ဆေးကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးသွားသူများနှင့် အသက်ပြည့်မီသူများအား ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရန်၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရန်နှင့် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရေးလုပ်ငန်းများ၌ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်တို့ကို မှာကြား၍ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ ( သတင်းစဉ်)

# အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပေါ်နိုင်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရှောင်ကြဉ်ရန် အထူးလိုအပ်

နေပြည်တော် ဩဂုတ် ၈

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စား





မှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁၁) စုဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီ ဦးမျိုးသန့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး၊ ဒုတိယဝန်ကြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနကြီးမှူးများ၊ CPU အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်သဘောပေါက်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်နိုင်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပေါ်နိုင်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရှောင်ကြဉ်ရန် အထူးလိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ကိုဖွဲ့စည်း၍ အဂတိလိုက်စားမှု လျော့နည်းပပျောက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီး ယနေ့အခမ်းအနားသို့ တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများကလည်း မိမိတို့မှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းများသို့ ပြန်လည်မျှဝေပေးခြင်းဖြင့် အဂတိကင်းသော လူမှုပတ်ဝန်းကျင်ကို တည်ဆောက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူလက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေမည်ဖြစ်ကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းကို ဦးစွာတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည်အစိုးရက ချမှတ်ထားသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးအတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဝန်ဆောင်မှုပေးရခြင်းဖြစ်သည့်အတွက် မိမိအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးအတွက် အသုံးချခြင်းမပြုဘဲ အများပြည်သူအကျိုးရေးရှုဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ကော်မရှင်မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အခမ်းအနားအပြီးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းခေါင်းဆောင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit –CPU )များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် အဘ ဦးကြီးမောင်၊ အမိ ဒေါ်ကြည်တို့မှ မန္တလေးမြို့၌ ၁၉၅၁ ခုနှစ် ဇွန် ၂၄ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၅)သို့ တက်ရောက်၍ ၁၉၇၃ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ထို့နောက် တာဝန်ကျရာတပ်ဌာနချုပ် အသီးသီးတွင် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်တွင် တပ်မမှူးတာဝန်နှင့် စစ်ဦးစီး ဗိုလ်မှူးချုပ်တာဝန်ကို တွဲဖက်၍လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် တာဝန်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တာဝန်ကို တွဲဖက်၍လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အမှတ်(၅)စစ်ဆင်ရေး အထူးအဖွဲ့မှူး အဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ပထမလွှတ်တော် သက်တမ်းကာလတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် တာဝန်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ဒုတိယလွှတ်တော် သက်တမ်းကာလတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး ဒုတိယသမ္မတ(၁) တာဝန်ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ် နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလမှ ကွယ်လွန်ချိန်ထိ ယာယီသမ္မတတာဝန်ကိုလည်းကောင်း ထမ်းဆောင်နိုင်ခဲ့သည်။ ထိုသို့ တပ်မတော်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကိုယ်ကျိုးမဖက် နေ့မအား ညမနား စွမ်းစွမ်းတမံကြိုးပမ်းထမ်းဆောင်ခဲ့သည့်အတွက် နိုင်ငံတော် စစ်မှုထမ်းတံဆိပ်၊ ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတံဆိပ်၊ မိုင်းယန်း၊ မဲသဝေါတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ သင်္ဂဟတံဆိပ်၊ သရေစည်သူဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့များကို ထိုက်တန်စွာချီးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းအပြင် အစိုးရအဆက်ဆက် အမျိုး၊ ဘာသာ၊ သာသနာအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် မြောက်မြားစွာသော ကော်မတီအရပ်ရပ်တွင်လည်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်သက်ဌေး၊ သမီး ဒေါ်ခင်သက်ထားဆွေနှင့် သား ဗိုလ်ကြီးကျော်ဘုန်းမြင့်(ငြိမ်း)တို့ ကျန်ရစ်ခဲ့သည်။ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဈာပနကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် နိုင်ငံတော်ဈာပနအခမ်းအနားဖြင့် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက လက်မှတ်ရေးထိုး





















**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ် ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာနၢ ဩဂုတ် ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများဖြစ်သည့် နီပေါသံအမတ်ကြီး H. E. Mr. Harishchandra Ghimire၊ ထိုင်းသံအမတ်ကြီး H. E. Mr. Mogkol Visitstump၊ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Dr. Md. Monwar Hossain၊ ဘရာဇီးသံအမတ်ကြီး H. E. Mr. Gustavo Rocha de Menezes၊ အိန္ဒိယသံအမတ်ကြီး H. E. Mr. Abhay Thakur၊ ယူအေအီးသံအမတ်ကြီး H. E. Mr. Mutaz Abdullah Abdul-jaleel Mohamed Al Faheem၊ တရုတ်သံအမတ်ကြီး H. E. Ms. Ma Jia၊ ကမ္ဘောဒီးယားသံအမတ်ကြီး H. E. Mr. CHENG Manith၊ လာအိုသံအမတ်ကြီး H. E. Mr. Bounphieng CHANTHAVONG နှင့် အစ္စရေးသံရုံးယာယီတာဝန်ခံ Mrs. Ruth Zakh၊ တီမောလက်စ်တေသံရုံးယာယီတာဝန်ခံ Mr. Olandino Rui de Andrade နှင့် ဟိုလီဆီးသံရုံးယာယီတာဝန်ခံ၏ ကိုယ်စားလှယ် Fr. Hilary တို့က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၄၇/၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ် ဘားအံမြို့ ရတနာဒီပရပ်ကွက် ကြာအင်းတောင်ပေါ်လမ်း အိမ်အမှတ် [၉/၃၄(A)] တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ၆၀ ဖြစ်ပါသည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ထိုင်းဘုရင့်လေတပ်မှ အဆင့်မြင့်အရာရှိကြီးများ ခရီးစဉ်လာရောက်



ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်(လေ)မှ တာဝန်ရှိသူများက ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၈**

မြန်မာ-ထိုင်း နှစ်နိုင်ငံ လေတပ်များအကြား အရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေးအစီအစဉ်အရ ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၄ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးတို့ကို တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်က ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ လေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညပိုင်းတွင် ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများကို စစ်ဦးစီးအရာရှိချုပ်(လေ)က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခရီးစဉ်လာရောက်စဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ ကမ္ဘာအေးဘုရား၊ ပဲခူးမြို့ရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေမော်ဓောဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဝန်ကြီးများရုံး၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် ကမ္ဘောဇသာဒီရွှေနန်းတော်တို့သို့သွားရောက် လေ့လာလည်ပတ်ကြည့်ရှုကြသည်။

ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ် စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြား သူများသို့ ကူးစက်မှုမရှိစေရေး အတွက်-
   (က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်း စည်း(Mask) ကို စနစ်တကျ ဝတ်ဆင်ခြင်း၊
   ( ခ ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း
   ( ဂ ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလို လက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

## စစ်တောင်းမြစ်ရေနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၈**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင်မိတ္ထီလာမြို့ရှိနယ်မြေခံလေတပ်စခန်း ဌာနချုပ်၌ ကျင်းပပြုလုပ်ရာ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးနှင့် တာဝန်ရှိသူများ၊ လေတပ်စခန်းဌာနချုပ် တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိသော အားကစားသမားများကို တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသော မြေပြင် အတတ်သင် လေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးက လည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်းအသီးသီး တို့မှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့ဖြင့် ဇူလိုင် ၂၂ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဥဝဝ)




ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ပုဗ္ဗသီရိတပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ပုဗ္ဗသီရိတပ်နယ် ကိုယ်စားပြုအသင်းက ဒိုင်းဆုရရှိ

**နေပြည်တော် ဩဂုတ် ၈**

၂၀၂၅ ခုနှစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဩဂုတ် ၄ ရက်မှ စတင် ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် ပုဗ္ဗသီရိတပ်နယ်အသင်း ဒိုင်းဆုရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ လူသစ်တန်း၊ (က)တန်းနှင့် အလွတ်တန်းအဆင့် ပြိုင်ပွဲများတွင် အကောင်းဆုံး အားကစားသမားဆုရရှိသူများ၊ အသင်းလိုက် ပထမ၊ ဒုတိယဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော ပုဗ္ဗသီရိတပ်နယ် ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရှိသည်။ (ဥဝဝ)

# နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၁၀၁ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၂ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နောင်ချိုမြို့ တောင်ရပ်ကွက်နယ်မြေ(၃) အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းရှေ့ လမ်းဘေးဝဲယာရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဥဝဝ)



နောင်ချိုမြို့ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းရှေ့ လမ်းဘေးဝဲယာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

## ၂၀၂၅ ခုနှစ် ဩဂုတ် ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ မွန်းလွဲပိုင်းက အသစ်ဖွင့်လှစ်မည့်စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နေရာဌာနအသစ်တွင် စတင်ဆောင်ရွက်ရသည့်အတွက် ကြုံတွေ့နိုင်သည့် အခက်အခဲများအပေါ် အနာဂတ် မျိုးဆက်သစ်များ၏ အကျိုးကိုမျှော်မှန်းပြီး စုစည်းညီညွတ်သည့်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ပြောင်းရွှေ့မှု၊ နေထိုင်သွားလာမှုနှင့် သင်ကြားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက် စနစ်တကျစီမံထားပြီးဖြစ်ကြောင်း၊ လိုအပ်ချက်ရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ သင်ကြားရေး ဆရာ၊ ဆရာမများ၊ စီမံနှင့် ရုံးလုပ်ငန်းဆိုင်ရာဝန်ထမ်းများက အခက်အခဲနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်ချက်များစီမံဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အသစ်အဖြစ် ခန့်အပ်ခံရသူ Mr.Yusumasa Kimura အား ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ဝန်ကြီးဌာနနှင့် UNICEF အဖွဲ့တို့အကြား တိုးချဲ့ကာကွယ်ဆေးထိုးရေးလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မန္တလေးလျောင်ကြီးအလွန် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ခုတင် ၁၀၀ နှင့်အထက် ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က တိုးမြှင့်ပံ့ပိုးပေးသည့် ကျန်းမာရေးရန်ပုံငွေဖြင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်း၊ အထူးသဖြင့် တီဘီ၊ HIVရောဂါကုသဆေးများကို နိုင်ငံတော်က နှစ်စဉ်ခွင့်ပြုရန်ပုံငွေဖြင့် စိုက်ထုတ်အကုန်အကျခံဝယ်ယူပေးလျက်ရှိရာ လူနာများ အနေဖြင့် ဆေးပြတ်လပ်မှုမရှိစေဘဲ ကုသမှုခံယူနိုင်မည်ဖြစ်ပြီး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများကို ပြည်သူလူထု အားကိုးယုံကြည်မှု ပိုမိုရရှိလာစေရေး၊ဆေးရုံများ ဥပဓိရုပ်ကောင်းမွန်ရေး၊ လူနာများ၊ လူနာမိသားစုများနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်စေရေးတို့ကိုလည်း ဆောင်ရွက်ပေးကြရန်၊ ကျန်းမာရေးအဆင့်အတန်း ယခုထက်ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဖြစ်စေရန်၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်စေရေး ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ကုသရေးလုပ်ငန်းများ တိုးတက်စေရေး အမှာစကားများပြောကြားကြပြီး တက်ရောက်လာသည့် ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည် ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ နတ်ပြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှန်းဂါထာ ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်း၊ ကမ္ဘာသူ ကမ္ဘာသား၊ ဝေနေယျသတ္တဝါအပေါင်းတို့အား စုပေါင်းမေတ္တာပို့သခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များစုရပ်စတင်၍ ပန်းပေါင်း ၈၄၀၀၀ ဖြင့် ဆင်ယင်ပူဇော်ထားသည့် ပန်းစေတီများ လှည့်လည်ပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့်ဝန်ထမ်းများက ပန်းစေတီများပင့်ဆောင်၍ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့အား ရည်မှန်းပူဇော်သည့်အနေဖြင့် အရှေ့ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကကုသန္ဓရုပ်ပွားတော်၊ တောင်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကောဏာဂမနရုပ်ပွားတော်၊ အနောက်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကဿပရုပ်ပွားတော်၊ မြောက်ဘက်အာရုံခံ မုခ်ဦးအတွင်းရှိ ဂေါတမရုပ်ပွားတော်တို့အား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများကလည်းကောင်း၊ အထက်ပစ္စယံရှိပတ္တမြားမျက်ရှင်ရုပ်ပွားတော်အားတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများကလည်းကောင်း ပန်းစေတီများကို ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချအနုမောဒနာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၈**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ၌ရှိသော မြန်မာအလုပ်သမားများကို ထိုင်းနိုင်ငံ၏အလုပ်သမားဥပဒေ ပါခံစားခွင့်များ ရရှိနိုင်စေရေး၊ အလုပ်လုပ်ကိုင်ခွင့်သက်တမ်း အပြည့်အဝရရှိစေရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ ဖြစ်ပေါ်လာသည့်အချိန် လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (Certifi-cate of Identity-CI) ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံစမုစခွန်၊စမုပရာကန်၊ဆူရတ်ဌာနီနှင့်ချင်းမိုင်တို့တွင်စခန်းလေးခုဖွင့်လှစ်ပြီး ဩဂုတ် ၆ ရက်မှစတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာတွင် ထိုင်းစံတော်ချိန် နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲထိ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အပတ်စဉ်တနင်္လာနေ့နှင့် မြန်မာသံရုံး (ဗန်ကောက်မြို့)မှ သတ်မှတ်ထားသော ရုံးပိတ်ရက်များကို အလုပ်နားရက်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၉ ဦးနှင့် ပါကစ္စတန်နိုင်ငံသား တစ်ဦး စုစုပေါင်း ဦးရေ ၂၀ ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant/official Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။


ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park) နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တောင်အာဖရိကနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား ငါးဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၈ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၉၀၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။


နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ❖ နေရာကွက်၍မိုးကြီးမည့်အဆက်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။




## ☆ ကျောဖုံးမှအဆက်

အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၄၀၈၅၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck နှစ်စီး၊ Isuzu Giga Truck နှစ်စီး၊ Mitsubishi Canter Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ စက်မှုဇုန်ထုတ် Myanmar Yangon Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဘားအံမြို့နယ် အုန်းတပင်ကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၆၄၀၈၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၃၇၇၆၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၃၇၇၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ကုန်လှောင်ရုံ)၌ ကျောက်စိမ်းဟုယူဆရသော လက်ကောက် လေးကွင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂၄ ဒသမ ၆၀၃ တန်၊ သစ်မာ သုညဒသမ ၇၉၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၂၈၃၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ၁၂ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၂၂ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၆ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၄၄၄၂ ကိုဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ပြောင်းလဲတိုးတက်လာသော အိန္ဒိယ၏မဟာဗျူဟာမြောက်တပ်ဖွဲ့များကွပ်ကဲမှုဌာနချုပ်(SFC)

အိန္ဒိယနိုင်ငံသည် ၁၉၉၈ ခုနှစ်တွင် နျူကလီးယား စမ်းသပ်ခဲ့ပြီးနောက် ငါးနှစ်အကြာ ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မဟာဗျူဟာမြောက်တပ်ဖွဲ့ များကွပ်ကဲမှုဌာနချုပ် (SFC) ဖွဲ့စည်းထူထောင် ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ SFC ကို ကြည်း၊ ရေ၊ လေတပ်ဖွဲ့များမှ အဆင့်မြင့် အရာရှိ တစ်ဦးစီက အလှည့်ကျဦးဆောင်သွားမည်ဖြစ်သည်။ SFC သည် အိန္ဒိယအမျိုးသားကွပ်ကဲမှု အာဏာပိုင် အဖွဲ့၏အောက်၌ လုပ်ငန်းလည်ပတ်သွားမည်ဖြစ်ပြီး တိုင်းပြည်၏ နျူကလီးယားလက်နက်များကို ကိုင်တွယ်ခြင်း၊ ဘေးကင်းလုံခြုံအောင် သိုလှောင် သိမ်းဆည်းခြင်းနှင့်ပစ်ခတ်ခြင်းတို့အတွက် တာဝန် ယူသွားရမည်ဖြစ်သည်။ SFC ၏ အရင်းအမြစ်နှင့် လူအင်အားတို့ကို ကြည်း၊ ရေ၊ လေ တပ်ဖွဲ့သုံးခုမှ ထုတ်နုတ်ဖွဲ့စည်းထားသည်။

SFC သည် စတင်ဖွဲ့စည်းစဉ် ကတည်းကပင် သိသာထင်ရှားသော တိုးတက်အောင်မြင်မှုများ ရရှိခဲ့ သည်။ ၎င်းအဖွဲ့သည် အရင်းအမြစ်အနည်းငယ်မျှ ဖြင့် စတင်ဖွဲ့စည်းခဲ့ရာမှ ကြီးမားသောတပ်ဖွဲ့ကြီး အဖြစ်သို့ ရပ်တည်လာနိုင်ပြီဖြစ်သည်။ သို့သော် SFC ၏ ဖွဲ့စည်းထူထောင်မှု ၂၂ နှစ်တာ ကာလသည် လျှို့ဝှက်စွာ ဖြတ်သန်းလာခဲ့သည်။ ယခုဆောင်းပါး၌ အသုံးပြုနေသောစနစ်သစ်များ၊ သိုလှောင်မှုနေရာ များနှင့် အိန္ဒိယ၏ နျူကလီးယား ဟန့်တားမှု စွမ်းဆောင်ရည်များကို မည်သို့မည်ပုံ မြှင့်တင် ဆောင်ရွက်ခြင်းအပါအဝင် SFC ၏ တာဝန်ထမ်း ဆောင်မှုကို ဖော်ပြပေးသွားမည်ဖြစ်သည်။

SFC သည် ၂၀၀၃ ခုနှစ်တွင် Prithvi-II ဒုံးကျည် ဖြစ်သည့် နျူကလီးယားစနစ်တစ်ခုကို စတင်လက်ခံ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန်များကို အပြည့် အဝလည်ပတ်လာခဲ့သည်။ ထို့နောက် SFC သည် ၂၀၀၇ ခုနှစ်တွင် Agni-I ဒုံးကျည်ကို လက်ခံခဲ့ပြီး ထိုအချိန်မှစ၍ Agni-I ၊ Agni-II ၊ Agni-III နှင့် Agni-IV အပါအဝင် ကုန်းမြေအခြေစိုက် ဒုံးကျည်စနစ်များ သည် SFC ၏ အစိတ်အပိုင်းများဖြစ်လာခဲ့သည်။ SFC က အကြိမ်ကြိမ်စမ်းသပ်ထားပြီးဖြစ်သည့် Agni-Prime ဒုံးကျည်သည် ကျည်ထိပ်ဖူးတစ်ခုသယ်ဆောင် နိုင်သည့် Agni-V မူကွဲနှင့်အတူ တာဝန်ထမ်းဆောင် လျက်ရှိသည်။ ၎င်းဒုံးကျည်များသည် ကြည်းတပ် အောက်ရှိ ဒုံးကျည်တပ်ဖွဲ့များ၏ အစိတ်အပိုင်းများ ဖြစ်သောကြောင့် SFC သည် ကုန်းမြေအခြေစိုက် နျူကလီးယားစနစ်များကို ပူးတွဲထိန်းသိမ်းစောင့် ရှောက်လျက်ရှိကြောင်း ညွှန်ပြလျက်ရှိသည်။

အိန္ဒိယလေတပ် (IAF) သည် ဝေဟင်စစ်လက် နက်ပစ္စည်းများနှင့်စပ်လျဉ်း၍ တိုက်ပွဲဝင်တိုက်လေ ယာဉ်လိုအပ်ချက်ရှိလာနိုင်ကြောင်း ပြောဆိုကာ SFC သို့ ဂျက်တိုက်လေယာဉ်များ လွှဲပြောင်းပေးအပ် ရန် ချီတုံချတုံဖြစ်နေသည်။ စင်စစ်အားဖြင့် အိန္ဒိယ လေတပ်သည် သမားရိုးကျနှင့် နျူကလီးယား လက်နက်စနစ်များ တပ်ဆင်နိုင်သည့် နည်းလမ်း နှစ်သွယ်ဖြင့် အသုံးပြုနိုင်သော တိုက်လေယာဉ်များ ကို လွှဲပြောင်းပေးရန် ကမ်းလှမ်းထားရှိသည်။ ထို့ကြောင့် အိန္ဒိယလေတပ်သည် ပုံမှန်အခြေအနေ များတွင် Jaguars၊ Mirage-2000s နှင့် Su-30 MKI များ ကဲ့သို့သော နည်းလမ်းနှစ်သွယ်ဖြင့်အသုံးပြု နိုင်သည့်လေယာဉ်တချို့၏ တာဝန်ထမ်းဆောင်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဆိုသော အဆိုပြု ချက်ကိုအခြေခံကာ သဘောတူညီထားရှိသည်။ သို့သော် နျူကလီးယား တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်သည့်ကာလတွင် မဟာဗျူဟာမြောက် တပ်ဖွဲ့များကွပ်ကဲမှုဌာနချုပ် (SFC) သည် နည်းလမ်း နှစ်သွယ်ဖြင့် အသုံးပြုနိုင်သည့် တိုက်လေယာဉ်များ ကို အပြည့်အဝထိန်းချုပ်သွားမည်ဖြစ်သည်။

အဆိုပါတိုက်လေယာဉ်များသည် ပဋိပက္ခကာလ တွင် ဝေဟင်မှဝေဟင်နှင့်ဝေဟင်မှမြေပြင် တာဝန်များ ကို အလှည့်ကျ ထမ်းဆောင်သွားမလား၊ သို့တည်း မဟုတ် နျူကလီးယားပစ်ခတ်မှုများအတွက်သာ အရန်ထားရှိသွားမလားဆိုသော အရေးကြီးသည့် မေးခွန်းလည်း ထွက်ပေါ်လျက်ရှိသည်။ အချို့သော တိုက်လေယာဉ်များသည် သမားရိုးကျအခန်းကဏ္ဍ များတွင်သာ တာဝန်ထမ်းဆောင်လျက်ရှိသည်။ လေတပ်အခြေစိုက်စခန်းတည်ရှိမှုအပေါ် မူတည်လျက် နျူကလီးယားအခန်းကဏ္ဍ၌ တာဝန်ပေးအပ်သွား မည့်လေယာဉ်များကို ဘေးကင်းလုံခြုံရေးအတွက် အကာအကွယ်ပေးထားသည့်နေရာ၌ သိုလှောင်ထား ခြင်း၊ သို့တည်းမဟုတ် မြေအောက် အဆောက်အအုံ များတွင်သာ ထားရှိသွားရမည်ဖြစ်သည်။

အများပြည်သူများသို့ ထုတ်ပြန်ထားသော သတင်းအရင်းအမြစ်များအရ SFC သည် နျူကလီး ယားမစ်ရှင်များအတွက် သမားရိုးကျနှင့် နျူကလီး ယားကျည်ထိပ်ဖူး နှစ်မျိုးစလုံး တပ်ဆင်နိုင်သည့် BrahMos ဒုံးကျည်များ ပစ်ခတ်နိုင်သော အဆင့် မြှင့်တင်တည်ဆောက်ထားသည့် Su-30MKIs တိုက် လေယာဉ်အစင်း ၄၀ ပိုင်ဆိုင်ထားရှိသည်။ အိန္ဒိယ လေတပ်သည် Su-30MKI တိုက်လေယာဉ်အစင်း ၂၇၀ ကျော် ပိုင်ဆိုင်ထားရှိပြီးဖြစ်သောကြောင့် အဆိုပါတိုက်လေယာဉ်များကို နျူကလီးယားအခန်း ကဏ္ဍ၌ တာဝန်ပေးအပ်နိုင်မည် ဖြစ်သည်။ BrahMos ဒုံးကျည်တွင် နျူကလီးယားကျည်ထိပ်ဖူးများ ပေါင်းစပ် တပ်ဆင်နိုင်သည့် အလားအလာရှိနေသည်။ အကြောင်းမူကား အိန္ဒိယနိုင်ငံသည် အလေးချိန် ၁၂ ကီလိုမှ ၁၅ ကီလိုရှိ နျူကလီးယားထုတ်လွှတ်နိုင်သည့် ကိရိယာကို သုတေသနပြုတည်ဆောက်ထားပြီးဖြစ် သည်။ ၎င်းကိရိယာသည် အလေးချိန် ကီလိုဂရမ် ၂၀၀ အောက်တွင်သာရှိသည်။ လေယာဉ်မှ ပစ်ခတ်နိုင် သောမူကွဲဖြစ်သည့် BrahMos ဒုံးကျည်စနစ်သည် အလေးချိန် ကီလိုဂရမ် ၃၀၀ ရှိသော ကျည်ထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိသည်။



အိန္ဒိယ၏ ကုန်းမြေအခြေစိုက် Agni-IV ဒုံးကျည်ကို တွေ့ရစဉ်။

တိုင်းပြည်၏ ပင်လယ်ပြင်အခြေစိုက် နျူကလီး ယားလက်နက်များကို သယ်ဆောင်ပစ်ခတ်ရန် တာဝန်ရှိသည့် အိန္ဒိယ၏ နျူကလီးယားပဲ့ထိန်း ဒုံးကျည်တင် ရေငုပ်သင်္ဘော(SSBNs)များ တာဝန် ထမ်းဆောင်ရာတွင် SFC ၏ အခန်းကဏ္ဍသည် ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ လက်ရှိအချိန် တွင် အိန္ဒိယနိုင်ငံသည် SSBNs ရေငုပ်သင်္ဘောသုံးစင်း ပိုင်ဆိုင်ထားရှိပြီး INS Arihantနှင့် INS Arighat တို့သည် တာဝန်ထမ်းဆောင်လျက်ရှိကာ INS Aridhaman သည် မကြာမီ ရေငုပ်သင်္ဘောအုပ်၌ ပူးတွဲတာဝန်ထမ်းဆောင်သွားမည်ဟု မျှော်မှန်းထား ရှိသည်။ SSBNs ရေငုပ်သင်္ဘောများသည် ပဋိပက္ခကာလတွင် ရေငုပ်သင်္ဘောတင် ပဲ့ထိန်း ဒုံးကျည်များနှင့် လိုက်လျောညီထွေရှိသည့် နျူကလီး ယားကျည်ထိပ်ဖူးများ ရရှိမည်ဖြစ်သည်။ ကာကွယ် ရေးဆိုင်ရာတာဝန်ရှိသူများက စစ်ရေးဆိုင်ရာတင်းမာ မှုများမြင့်တက်လာသည့်အချိန်မှသာ နျူကလီးယား လက်နက်အသုံးပြုမည်ဟု ယုံကြည်ထားကြသည်။

အိန္ဒိယ၏ပြည်တွင်းထုတ်လေယာဉ်တင်သင်္ဘော ဖြစ်သည့် INS Vikrant သည် ပြင်သစ်နိုင်ငံမှ ရောက်ရှိလာသည့် Rafale-M တိုက်လေယာဉ် ၂၆ စင်းနှင့်အတူ နျူကလီးယားကျည်ထိပ်ဖူးများကို လည်း တင်ဆောင်သွားဖွယ်ရာရှိသည်။ အကြောင်း မူကား Rafale တိုက်လေယာဉ်ကို နျူကလီးယား မစ်ရှင်များထမ်းဆောင်ရေးအတွက် အဆင့်မြှင့်တင် သွားနိုင်သောကြောင့်ပင် ဖြစ်သည်။ သတင်းအရင်း အမြစ်များအရမူ ပြင်သစ်နိုင်ငံသည် Rafale တိုက် လေယာဉ်များတွင် ပြည်တွင်းထုတ် လက်နက်စနစ် များတပ်ဆင်နိုင်ရန် အိန္ဒိယနိုင်ငံကို လျှို့ဝှက်ကုဒ် များပေးအပ်ခြင်းမရှိသေးဟု သိရှိရသည်။ သို့သော် ပြင်သစ်နှင့်အိန္ဒိယတို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်ထားရှိပြီး အနာဂတ် တွင် ပြောင်းလဲလာသော ပထဝီနိုင်ငံရေးအခြေအနေ များကြောင့် ပြင်သစ်သည် အိန္ဒိယကို Rafale တိုက်လေယာဉ်များတွင် နျူကလီးယားလက်နက် များပေါင်းစပ်တပ်ဆင်ရန် ခွင့်ပြုသွားဖွယ်ရာ ရှိနေ သည်။ ထို့ကြောင့် SFC သည် လေယာဉ်တင်သင်္ဘော ကွပ်ကဲမှုတာဝန်များကိုအိန္ဒိယရေတပ်နှင့်အတူ မျှဝေ ထမ်းဆောင်သွားဖွယ်ရာ ရှိနေသည်။

SFC သည် နျူကလီးယားကျည်ထိပ်ဖူးများနှင့် ဒုံးကျည်များသိုလှောင်ရေးအတွက် သီးခြားအဆောက် အအုံများ တည်ဆောက်လျက်ရှိသကဲ့သို့ သမားရိုးကျ တပ်ဖွဲ့များနှင့်အတူ ပူးတွဲအဆောက်အအုံများကို လည်း တည်ဆောက်လျက်ရှိသည်။ အဆိုပါ အဆောက်အအုံများတွင် အန်ဘာလာဒေသနှင့် ဂိုရာခါပူဒေသတို့၌ အခြေစိုက်စခန်းများ၊ ဂျော့ပူ ဒေသနှင့် ဂျလန်ဟာဒေသရှိ ခဲယမ်းတိုက်များ၌ ကုန်းမြေအခြေစိုက် ဒုံးကျည်သိုလှောင်ရုံများပါရှိ သည်။ ရာဂျာစသန်ပြည်နယ်ရှိ မောကီဒေသ၌ တည်ရှိသော အဆောက်အအုံတစ်လုံးသည် အိန္ဒိယ ၏ နျူကလီးယားကျည်ထိပ်ဖူး တပ်ဆင်နိုင်သော ဒုံးကျည်များနှင့်ကျည်ထိပ်ဖူးများသိုလှောင်သွားမည် ဖြစ်သည်။ မောကီဒေသသည် အိန္ဒိယ-ပါကစ္စတန် နယ်စပ်နှင့် ကီလိုမီတာ ၃၀၀ ခန့်သာ ကွာဝေးသော ကြောင့် Agni-1 နှင့် Agni-II ပဲ့ထိန်းဒုံးကျည်များ သိုလှောင်သည့် နေရာလည်းဖြစ်နိုင်သည်။ နောက်ဆုံး ရရှိသည့် ဂြိုဟ်တုဓာတ်ပုံများအရ ၎င်းနေရာသည် လုပ်ငန်းလည်ပတ်လျက်ရှိသည်။

ထို့ပြင် အာသန်ပြည်နယ် ဂူဝါဟာတီဒေသအနီး၌ လည်း ဒုံးကျည်အခြေစိုက်စခန်းတစ်ခုနှင့် သိုလှောင် ရုံတို့ကိုတည်ဆောက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် မောကီ ဒေသရှိအဆောက်အအုံကဲ့သို့ပင် လုပ်ငန်းလည်ပတ် နိုင်သည့်အခြေအနေပင်ဖြစ်သည်။ ၎င်းအဆောက် အအုံသည် ခိုင်မာသောကွန်ကရစ်ကွင်းတစ်ခု ပါရှိ သောကြောင့် ဒုံးကျည်ပစ်လွှတ်ရာနေရာအဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ အလားတူ SFC သည် ရမ်ဘီလီဒေသ၌တည်ဆောက်ဆဲဖြစ်သည့် အိန္ဒိယ၏ ရေတပ်အခြေစိုက်စခန်းအသစ်ဖြစ်သော INS Varsha ဥမင်လိုဏ်ခေါင်းအနီး၌ လုပ်ငန်းလည်ပတ်နိုင် သည့် သိုလှောင်ရုံတစ်ခု ပိုင်ဆိုင်ထားရှိသည်။ INS Varsha သည် ဒုံးကျည်နှင့်ကျည်ထိပ်ဖူးများ သိုလှောင် ထားနိုင်သည့် ဘေးကင်းလုံခြုံမှုရှိသော မြေအောက် ဥမင်လိုဏ်ခေါင်းတစ်ခုပင်ဖြစ်သည်။ ၎င်းကျည်ထိပ်ဖူး များနှင့်ဒုံးကျည်များကို ပင်လယ်ပြင် ဟန့်တား ရေးမစ်ရှင်များအတွက် အသုံးပြုသွားမည်ဖြစ်သည်။

SFC သည် တာဝန်ထမ်းဆောင်ရန်အသင့်ဖြစ်မှု အနေအထားကို မြှင့်တင်လျက်ရှိသည်။ အိန္ဒိယ ၏ နျူကလီးယားလက်နက်တချို့၊ အထူးသဖြင့် ပါကစ္စတန်နှင့်ပဋိပက္ခဖြစ်ပွားလျှင် အသုံးပြုရန် ရည်ရွယ်ထားသည့် နျူကလီးယား လက်နက်များကို အသင့်ပြင်ဆင်ထားကြောင်း၊ ပဋိပက္ခဖြစ်ပွားချိန်၌ စက္ကန့်နှင့် မိနစ်အနည်းငယ်အတွင်း အသုံးပြုနိုင် အောင် အမြင့်ဆုံးအဆင့်သို့ ပြင်ဆင်ထားကြောင်း အိန္ဒိယအရပ်ဘက် လုံခြုံရေးတာဝန်ရှိသူများနှင့် တပ်မှူးဟောင်းများက ပြောဆိုလျက်ရှိသည်။

SFC သည် အိန္ဒိယ၏နျူကလီးယား သိုလှောင် ရေး အဆောက်အအုံများ ခိုင်မာအားကောင်းစေရန် စနစ်တကျ တည်ဆောက်ခြင်းအားဖြင့် အိန္ဒိယ နျူကလီးယားတပ်ဖွဲ့များ စီမံခန့်ခွဲရာတွင် အရေးပါ သော အခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်လျက်ရှိသည်။ ထိုသို့ တည်ဆောက်ရာ၌ အလွန်အမင်း လျှို့ဝှက်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ SFC သည် လွန်ခဲ့ သော ဆယ်စုနှစ် နှစ်ခုကျော်ကာလအတွင်း အိန္ဒိယ ဟန့်တားမှုတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်များကို စောင့်ရှောက်ပြီး အဆင့်မြှင့်တင်နိုင်ခဲ့သည်။ လက်ရှိ အချိန်တွင် အိန္ဒိယနိုင်ငံသည် အချိန်များစွာယူရ သည့် အရည်လောင်စာသုံးဒုံးကျည်များမှသည် စက္ကန့်အတွင်း ပစ်ခတ်နိုင်သည့် အခဲလောင်စာ တောင့်သုံးဒုံးကျည်များကိုပင်လျှင် သုတေသနပြု တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပဋိပက္ခအတွက် ကြိုတင် ပြင်ဆင်မှုများလုပ်ဆောင်လျက်ရှိသကဲ့သို့ မမျှော် လင့်သော စမ်းသပ်ပစ်ခတ်မှုများမှလည်း အန္တရာယ် များ ဖြစ်ပေါ်လာနိုင်ပေသည်။ ထို့ကြောင့် အိန္ဒိယ၏ နျူကလီးယားကွပ်ကဲမှုအာဏာပိုင်အဖွဲ့၏ တင်းကျပ် သော စစ်ဆေးမှုများ လုပ်ဆောင်ပြီးမှသာလျှင် စမ်းသပ်မှုများလုပ်ဆောင်ရလေ့ရှိသည်။

အိန္ဒိယ၏ ဗဟိုကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစနစ် အောက်တွင် နျူကလီးယားအသင့်ဖြစ်စေမည့် အစီအမံများကို မည်သို့လုပ်ဆောင်သွားမည်ကို ရှင်းရှင်းလင်းလင်းချမှတ်နိုင်ခြင်းမရှိသေးပေ။ အိန္ဒိယ နိုင်ငံအနေဖြင့် နျူကလီးယား စတင်အသုံးမပြုဆို သောမူဝါဒကို ဆွဲကိုင်ထားရှိသော်လည်း ဒေသတွင်း ၌ ပဋိပက္ခများထူပြောပြီး နားလည်မှုလွဲမှားခြင်းတို့ ကြောင့် နျူကလီးယားတပ်ဖွဲ့များကို အသင့်အနေ အထားတွင်ပြင်ဆင်ထားရှိခြင်းသည် နျူကလီးယား လက်နက်အသုံးပြုမှုကို ဦးတည်စေနိုင်ပေသည်။

**ကိုးကား**

- **The Evolution of India's Strategic Forces Command By The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

## သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို လျော်ကြေးပေးရသဖြင့် ကမ္ဘာတစ်ဝန်းရှိ အာမခံကုမ္ပဏီများ နှစ်ဝက်အတွင်း ကန်ဒေါ်လာ ၈၀ ဘီလီယံထိအရှုံးပေါ်နေ



ဘန်း ဩဂုတ် ၈

ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Swiss Re Institute မှ သုတေသီများက ကမ္ဘာတစ်ဝန်း အာမခံကုမ္ပဏီများအနေဖြင့် နှစ်ဝက်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများကို လျော်ကြေးပေးရသဖြင့် အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံထိ အရှုံးပေါ်နေပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

ထိုသို့ အရှုံးပေါ်ခဲ့ရသည့် အာမခံကုမ္ပဏီအများစုမှာ အမေရိကန်နိုင်ငံမှဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ်တွင် လောင်ကျွမ်းခဲ့သော တောမီးနှင့် အမေရိကန်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် အာမခံထားရှိသည့် အဆောက်အအုံများအတွက် ပေးလျော်ခဲ့ကြရခြင်းဖြစ်ကြောင်း သိရသည်။

"အခုနှစ် နှစ်ဝက်အတွင်းမှာ ကမ္ဘာတစ်ဝန်း သဘာဝဘေးအန္တရာယ်ကြောင့် အာမခံကုမ္ပဏီတွေ အရှုံးပေါ်ခဲ့တဲ့ပမာဏဟာ အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံထိရှိနေပါတယ်။ အများစုကတော့ အမေရိကန်နိုင်ငံကဖြစ်ပါတယ်"ဟု Swiss Re Institute မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအပါအဝင် ဥရောပနိုင်ငံကြီး တချို့တွင် ဒုတိယနှစ်ဝက်အတွင်း ဟာရီကိန်းမုန်တိုင်းများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ အာမခံကုမ္ပဏီများသည် အရှုံးပေါ်သည့်ပမာဏ ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း Swiss Re Institute မှ သုတေသီများက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

Ref : Russia Today
Trs : Sai Sat

## တောမီးမှထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် ကမ္ဘာ့လေထုညစ်ညမ်းမှု အမြင့်ဆုံး ၁၀ မြို့တွင် ကနေဒါနိုင်ငံ တိုရွန်တိုမြို့ပါဝင်နေ

ဘန်း ဩဂုတ် ၈

ဆွစ်ဇာလန်နိုင်ငံတွင် အခြေစိုက်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ လေထုသန့်စင်မှု တိုင်းတာရေးအဖွဲ့အစည်း(IQ Air)က ကမ္ဘာ့လေထုညစ်ညမ်းမှုပမာဏ အမြင့်ဆုံးမြို့ ၁၀ မြို့တွင် ကနေဒါနိုင်ငံ တိုရွန်တိုမြို့သည် တောမီးလောင်ကျွမ်းမှုမှထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် ပါဝင်နေခြင်းဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

IQ Airက ထုတ်ပြန်ခဲ့သောလေထုညစ်ညမ်းမှုပမာဏ အမြင့်ဆုံးသောမြို့များစာရင်းတွင် အများစုမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုရွန်တိုမြို့တွင်မူ တောမီးလောင်ကျွမ်းမှုမှထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့်ဖြစ်ကြောင်း၊ IQ Airအဖွဲ့အစည်း၏ စစ်ဆေးတိုင်းတာချက်အရ ကမ္ဘာ့လေထုညစ်ညမ်းမှုပမာဏ အမြင့်ဆုံးသောမြို့ ၁၀ မြို့စာရင်း၌ နံပါတ်(၁) နေရာတွင် ကွန်ဂိုနိုင်ငံ ကင်ရှာဆာမြို့ကရပ်တည်နေပြီး AQI ညွှန်းကိန်းပမာဏမှာ ၁၇၅ ထိရောက်ရှိနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့လည်း AQI ညွှန်း ကိန်းပမာဏမှာ ၁၃၆ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၊ ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၊ အင်ဒိုနီးရှားနိုင်ငံ ဘာတမ်မြို့၊ ဘာရိန်းနိုင်ငံ မာနာမာမြို့၊ ကနေဒါနိုင်ငံ တိုရွန်တိုမြို့၊ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တို့ဖြစ်ပြီး လေထုညစ်ညမ်းမှုညွှန်းကိန်းပမာဏမှာ ကျန်းမာရေးလုံခြုံမှုအတွက် သတိထားစောင့်ကြည့်ရမည့် ပမာဏဖြစ်ကြောင်း သိရသည်။

တိုရွန်တိုမြို့တစ်မြို့တည်းသာ တောမီးမှထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး တောမီးကိုထိန်းချုပ်နိုင်ပြီး မီးခိုးကင်းစင်သွားပါက လေထုညစ်ညမ်းမှုလျော့ကျမည်ဖြစ်ကြောင်း IQ Air က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ပြင်သစ်နိုင်ငံတောင်ပိုင်း အူဒီခရိုင်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧရိယာ ဟက်တာ ၁၆၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရ

ပဲရစ် ဩဂုတ် ၈

ပြင်သစ်နိုင်ငံ တောင်ပိုင်းရှိ အူဒီခရိုင်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧရိယာ ဟက်တာ ၁၆၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ခရိုင်အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၅ ရက်က စတင်လောင်ကျွမ်းခဲ့သည့် အဆိုပါတောမီးသည် အူဒီခရိုင်ရှိ ကျေးရွာအများအပြားကို ကူးစက်လောင်ကျွမ်းခဲ့ပြီး ဩဂုတ် ၆ ရက်တွင် မြေဧရိယာ ဟက်တာ ၁၁၀၀၀ ခန့်လောင်ကျွမ်းပျက်စီးခဲ့ကြောင်း၊ ဩဂုတ် ၇ ရက်တွင် တောမီးလောင်ကျွမ်းမှု အရှိန်လျော့ခဲ့သော်လည်း လက်ရှိတွင် မြေဧရိယာဟက်တာ ၁၆၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။



အဆိုပါ တောမီးကြောင့် အသက်အရွယ်ကြီးရင့်သော အမျိုးသမီးတစ်ဦး နေအိမ်အတွင်းပိတ်မိကာ မီးလောင်ကျွမ်းသေဆုံးခဲ့ရကြောင်း၊ တောမီးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများလည်းရှိကြောင်း သိရသည်။

တောမီးသည်စတင်လောင်ကျွမ်းစဉ်က ပြင်းထန်ခဲ့သည့်အတွက် အင်အားသုံး၍ ငြိမ်းသတ်ခဲ့ရကြောင်း၊ လက်ရှိတွင် တောမီးငြိမ်းသတ်ရန်မီးသတ်တပ်ဖွဲ့ဝင်အနည်းဆုံး ၂၁၀၀ နှင့်မီးသတ်ကားအစီးရေ ၅၀၀ ကိုအသုံးပြု၍ မီးငြိမ်းသတ်ခဲ့ရကြောင်း အူဒီခရိုင်ရှိ ခရိုင်အာဏာပိုင်များက ပြောကြားထားသည်။

ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ခြောက်သွေ့မှုများသည် ပြင်သစ်နိုင်ငံတွင် ယခုကဲ့သို့ ပြင်းထန်သော တောမီးလောင်ကျွမ်းမှုကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း ခရိုင်အာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

## ကာရစ်ဘီယန်ကမ်းရိုးတန်း၌ အဆိပ်ရေညှိများ ပေါက်ရောက်နေမှုကို မက္ကဆီကိုနှင့် ဒိုမီနီကန်နိုင်ငံတို့ ပူးပေါင်းဖြေရှင်းရန်စီစဉ်

ဆန်တိုဒိုမင်ဂို ဩဂုတ် ၈

မက္ကဆီကိုနှင့် ဒိုမီနီကန်နိုင်ငံတို့ပူးပေါင်းကာ ကာရစ်ဘီယန်ကမ်းရိုးတန်း၌ အဆိပ်ရေညှိများပေါက်ရောက်နေမှုကို ဖြေရှင်းရန်ထိပ်တန်းတာဝန်ရှိသူများ စီစဉ်နေကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

အဆိုပါရေညှိများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို ဖြေရှင်းရန်အတွက် မက္ကဆီကိုနှင့် ဒိုမီနီကန်နိုင်ငံတို့မှ နိုင်ငံခြားရေးဌာနများနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနများကြား အပြန်အလှန် ဆွေးနွေးမှုများကို ဩဂုတ် ၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း၊ ဆွေးနွေးပွဲပြီးနောက် အဆိုပြုချက်များ တင်သွင်းခဲ့ကြောင်း၊ အဆိုပါအဆိုပြုချက်များမှာ ကမ်းခြေအနီးဟိုတယ်များအနေဖြင့် လေထုညစ်ညမ်းစေသော ညှော်နံ့များထုတ်လွှတ်မှုကို လျှော့ချရန်၊ ကမ်းခြေများကို သန့်ရှင်းအောင်ထားရန်၊ စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်ခြင်းကို ဆင်ခြင်ရန်၊ ပင်လယ်ဂေဟစနစ်ကို ညစ်ညမ်းစေသည့် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများ၏ ဆောင်ရွက်မှုများကို သတိပြုဆင်ခြင်ကြရန် စသည်တို့ဖြစ်ကြောင်း သိရသည်။

"အဆိပ်ရှိရေညှိတွေကြောင့်ဖြစ်ပေါ်လာတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းဖို့ နှစ်နိုင်ငံစလုံးရဲ့ နိုင်ငံခြားရေးဌာနတွေ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနတွေကြား အပြန်အလှန်ဆွေးနွေးပြီး အဆိုပြုချက်တွေတင်သွင်းကာ ဒီပြဿနာကို အမြန်ဆုံးဖြေရှင်းသွားမှာပါ"ဟု ဒိုမီနီကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရော်ဘတ်တိုအယ်ဗာရက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် သစ်တောပြုန်းတီးမှု၊ ပူနွေးသော သမုဒ္ဒရာအပူချိန်နှင့် ပင်လယ်ရေစီးကြောင်းပြောင်းလဲမှုများကလည်း ကာရစ်ဘီယန် ကမ်းရိုးတန်းတစ်ဝိုက်အဆိပ်ရှိရေညှိများကို အမြန်ဆုံးပွားများ ပေါက်ရောက်စေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## နိုင်ဂျီးရီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ်တချို့ကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်

အဘူဂျာ ဩဂုတ် ၈

နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်ကာ ပြည်နယ်တချို့ကို ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေ သတ်မှတ်ထားကြောင်း နိုင်ဂျီးရီးယားအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ဩဂုတ် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန် မြင့်မားနေဆဲဖြစ်သည့်အတွက် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေကို ဩဂုတ် ၉ ရက်ထိ သတ်မှတ်ထားကြောင်း၊ ဩဂုတ် ၅ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန်မြင့်မားခြင်းကြောင့် အချိန်တိုအတွင်း အန္တရာယ်ရှိသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်လာခဲ့ရခြင်းဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်အရေးပေါ်အဆင့် သတ်မှတ်ထားသော အဓိကပြည်နယ်များထဲတွင် အနောက်မြောက်ဘက်ပိုင်းမှ ပြည်နယ် ငါးပြည်နယ်၊ တောင်ဘက်ပိုင်းမှ ပြည်နယ် သုံးပြည်နယ်၊ အလယ်ပိုင်းမှ ပြည်နယ် လေးပြည်နယ် ပါဝင်နေကြောင်း National Flood Early Warning Center က အတည်ပြုခဲ့သည်။

"နိုင်ဂျီးရီးယားနိုင်ငံမှာ ပြည်နယ်ပေါင်း ၁၉ ပြည်နယ်ထိ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ပြည်နယ်ပေါင်း ၁၉ ပြည်နယ်ထဲမှာ အဓိကပြည်နယ်ကြီးတွေဖြစ်တဲ့ အနောက်မြောက်ဘက်ပိုင်း ပြည်နယ် ငါးပြည်နယ်၊ တောင်ဘက်ပိုင်း ပြည်နယ် သုံးပြည်နယ်နဲ့ အလယ်ပိုင်းက ပြည်နယ် လေးပြည်နယ်ထိ ပါဝင်နေပါတယ်။ အရေးပေါ်အခြေအနေကိုလဲ ဩဂုတ် ၉ ရက်ထိ သတ်မှတ်ထားပါတယ်" ဟု National Flood Early Warning Center မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာပြည်နယ်တွင် ပြီးခဲ့သော မေလကလည်း ရေကြီးရေလျှံမှုဖြင့်ရင်ဆိုင်ခဲ့ရပြီး ၎င်းဖြစ်စဉ်တွင် သေဆုံးသူ ၁၁၇ ဦးရှိခဲ့ပြီး ပျောက်ဆုံးနေသူ အမြောက်အမြားရှိနေဆဲဖြစ်ကြောင်း National Flood Early Warning Center မှ သိရသည်။

Ref : Sputnik News
Trs : Sai Sat

# လေထုညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်နှင့် ကျန်းမာရေးအပေါ်သက်ရောက်မှုများ အပိုင်း(၁)

လေထုညစ်ညမ်းမှုဟူသည် လေထု၏ သဘာဝ အရည်အသွေးများ ပြောင်းလဲကာ လူသားနှင့်သက်ရှိများအတွက်သာမက ပတ်ဝန်းကျင်အတွက်ပါ ဆိုးကျိုးသက်ရောက်မှုများဖြစ်စေခြင်းကို ဆိုလိုသည်။ ထိုသို့ သန့်ရှင်းသောလေထု၏ သဘာဝကို ပြောင်းလဲစေသည့် အဓိကအရာများမှာ ဓာတုပစ္စည်း၊ စွန့်ပစ်ပစ္စည်းနှင့် ဇီဝပစ္စည်းတို့ဖြစ်ကြသည်။ ကမ္ဘာ့နိုင်ငံအတော်များများ၏ မြို့ပြပတ်ဝန်းကျင် တစ်ခွင်ပျံ့နှံ့လျက်ရှိသော မီးခိုးမြူများမှသည် စက်ရုံအတွင်းရှိ မီးခိုးငွေ့များအပါအဝင် လေထုညစ်ညမ်းမှုအမျိုးမျိုးတို့သည် ကျန်းမာရေးနှင့်ရာသီဥတုကို အဓိကခြိမ်းခြောက်လျက်ရှိသည်။ လေထုညစ်ညမ်းမှုကို အဓိကအားဖြင့် နှစ်မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ အဆောက်အအုံအတွင်းလေထုညစ်ညမ်းမှုနှင့် အဆောက်အအုံပြင်ပပတ်ဝန်းကျင်လေထုညစ်ညမ်းမှု ဟူ၍ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ သန့်ရှင်းသောလေထုဆိုင်ရာအက်ဥပဒေ(၁၉၇၀)စံသတ်မှတ်ချက်အရ ကမ္ဘာ့နိုင်ငံများ၏ အဆောက်အအုံပြင်ပ လေထုညစ်ညမ်းမှုကိုဖြစ်စေသည့်အရာများကို သတ်မှတ်ထားသည်။ ၎င်းတို့မှာ ကာဗွန်မိုနောက်ဆိုက်၊ မြေပြင်အဆင့်ရှိ အိုဇုန်းဓာတ်ငွေ့၊ ဆာလဖာဒိုင်အောက်ဆိုက်၊ ခဲသတ္တု၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ လေထဲတွင် ပါဝင်သည့် ဒြပ်အမှုန်များ (Particulate Matter-PM)ဖြစ်သည်။

ဆက်လက်၍ ထိုပြင်ပလေထုညစ်ညမ်းမှုကိုဖြစ်စေသည့်ထုတ်လွှတ်မှုအရင်းအမြစ်များကို ဖော်ပြသွားပါမည်။ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့သည် ယာဉ်များ၊ လေဝင်၊ လေထွက်ပေါက်မဟုတ်သည့်နေရာမှ ဓာတ်ငွေ့ယိုစိမ့်မှုမှထွက်လာခြင်းဖြစ်သည်။ မြေပြင်အဆင့်ရှိအိုဇုန်းဓာတ်ငွေ့သည် အငွေ့ပြန်လွယ်သော အော်ဂဲနစ်ကာဗွန်များနှင့် နိုက်ထရိုဂျင်အောက်ဆိုက်တို့ နေရောင်ခြည်ကြောင့် ဓာတုဓာတ်ပြုခြင်းဖြစ်စဉ်မှ ထွက်ပေါ်လာသည်။ ထို့ပြင် ကားများ၊ စွမ်းအင်ထုတ်စက်ရုံများ၊ စက်ရုံသုံးဘွိုင်လာများ၊ ဆီသန့်စင်ချက်လုပ်စက်ရုံများ၊ ဓာတုစက်ရုံများစသည့်အရင်းအမြစ်များမှ ထုတ်လွှတ်သည့် ညစ်ညမ်းစေသည့်အရာများသည် နေရောင်ခြည်နှင့် ထိတွေ့ပြီး ဓာတုဓာတ်ပြုခြင်းများမှလည်း မြေပြင်အဆင့်ရှိ အိုဇုန်းဓာတ်ငွေ့ ဖြစ်လာလေ့ရှိသည်။ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် စွမ်းအင်ထုတ်စက်ရုံများတွင် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆာလဖာပါဝင်မှုများသည့် လောင်စာများမီးရှို့ခြင်းမှ ဖြစ်ပေါ်လာလေ့ရှိသည်။ သတ္တုရိုင်းနှင့် သတ္တုများထုတ်လုပ်သည့်လုပ်ငန်းစဉ်များ၊ ခဲသတ္တုအရည်ကျိုသည့် အလုပ်ရုံများ၊ ခဲအက်စစ်ဘက်ထရီထုတ်လုပ်သည့်လုပ်ငန်းမှ ပြင်ပလေထုညစ်ညမ်းမှုကို ဖြစ်စေသော ခဲသတ္တုဓာတ်များ ထွက်လာတတ်သည်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည်လည်း အထူးသဖြင့် စက်တပ်ယာဉ်များနှင့် စွမ်းအင်ထုတ်စက်ရုံများမှ ထွက်လေ့ရှိသည်။ လေထဲတွင်ပါဝင်သည့် ဒြပ်အမှုန်များ(Particulate Matter-PM) ထွက်ရှိရာနေရာများမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ ကတ္တရာ၊ ကွန်ကရစ်မခင်းထားသည့် မြေလမ်း၊ သဲလမ်းများ၊ ကွင်းပြင်များ၊ မီးခိုးခေါင်းတိုင်များ၊ မီးဖိုများ၊ စွမ်းအင်ထုတ်စက်ရုံများနှင့် မော်တော်ယာဉ်များဖြစ်သည်။

ဓာတ်မတည့်စေသည့်ပစ္စည်းများ၊ အိမ်တွင်း အမှုန်များ၊ အိမ်မွေးတိရစ္ဆာန်များ၏ အမွေးအမှင်များ၊ အင်းဆက်ပိုးမွှားများ၊ ကားဂိုဒေါင်ရှိ မော်တော်ယာဉ်များမှထွက်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ ချက်ပြုတ်ရန် လောင်စာမီးရှို့ခြင်း၊ ဘွိုင်လာများ၊ မီးဖိုများ၊ ဓာတ်ငွေ့နှင့် ရေနံဆီသုံး အပူပေးစက်များ၊ ဆေးလိပ်မီးခိုးများတွင်ပါသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့၊ အော်ဂဲနစ်ပစ္စည်းများဖြစ်သော ကော်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အငွေ့ပြန်မှု၊ လောင်ကျွမ်းမှု၊ သုတ်ဆေးများမှ ထွက်သောအနံ့များ၊ လောင်စာလောင်ကျွမ်းမှု၊ ဆေးလိပ်မီးခိုးများတွင်ပါသည့် ပိုလီဆိုက်ကလစ်အေရိုမတ်တစ် ဟိုက်ဒရိုကာဗွန်(PAHs)တို့သည် အဆောက်အအုံတွင်း လေထုညစ်ညမ်းမှုတစ်နည်းအားဖြင့် အိမ်တွင်းလေထုညစ်ညမ်းမှုကိုဖြစ်စေသည့်အရာများဖြစ်သည်။



ထိုလေထုညစ်ညမ်းစေသည့်အရာများ၏ ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများစွာရှိသည်။ ၎င်းတို့မှာ စွမ်းအင်ထုတ်စက်ရုံများနှင့် ယာဉ်များမှ ထုတ်လွှတ်သောနိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်ငွေ့များ လေထုထဲသို့ ပျံ့နှံ့ရောက်ရှိခြင်းသည် နိုက်ထရိုဂျင်ဓာတ်ငွေ့ပမာဏမြင့်မားလာစေပြီး ယူထရိုဖီကေးရှင်း (Eutrophication)ဖြစ်စဉ်ကို အရှိန်မြင့်စေသည်။ ယူထရိုဖီကေးရှင်းဖြစ်စဉ်သည် ရေကန်များတွင် သဘာဝအတိုင်းသက်တမ်းကြာမြင့်လာသည့်အခါ ဖြစ်လေ့ရှိသည့် ဖြစ်စဉ်ဖြစ်စေသည်။ ထိုဖြစ်စဉ်သည် အကျိုးပြုရေညှိများကို ပျက်စီးစေကာ အဆိပ်ရှိရေမှော်ရေညှိများကို ကန်အတွင်းများပြား ပြည့်နှက်လာခြင်းဖြစ်ပြီး ရေထုအတွင်း အောက်ဆီဂျင်ပမာဏလျော့ကျလာခြင်းဖြစ်သည်။ ထိုဖြစ်စဉ်သည် သဘာဝအတိုင်းဆိုလျှင် နှစ်ပေါင်းများစွာကြာမှဖြစ်လေ့ရှိသော်လည်း လေထုနှင့် ရေထုအတွင်း ဓာတုစွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းများကြောင့် ထွက်လာသော နိုက်ထရိုဂျင်အောက်ဆိုက်က ထိုဖြစ်စဉ်ကို ပိုမိုဆိုးရွားလာစေသည်။

ကျောက်ဖြစ်ရုပ်ကြွင်းများ လောင်ကျွမ်းသောအခါ လေထုထဲသို့နိုက်ထရစ်အက်စစ်နှင့် ဆာလဖျူရစ်အက်စစ်များ ထုတ်လွှတ်မှုဖြစ်သည်။ ထိုအက်စစ်များသည် အက်စစ်မိုးရွာသွန်းခြင်းကို ဖြစ်စေသည်။ ထို့ပြင် စွမ်းအင်ထုတ်စက်ရုံများ၊ စက်မှုလုပ်ငန်းများ၊ ကုန်တင်ယာဉ်များနှင့် မော်တော်ကားများ၊ ဆောက်လုပ်ရေးလုပ်ငန်းများကဲ့သို့သော ရင်းမြစ်များမှ လေထုထဲသို့ ငယ်သောအမှုန်များ တစ်နည်းအားဖြင့် လေထုညစ်ညမ်းစေသည့်မြူမှုန်များကို တိုက်ရိုက်ထုတ်လွှတ်သည်။ ထိုမြူမှုန်များသည် နေရောင်ခြည်နှင့် ထိတွေ့သောအခါ မြင်ကွင်းမှုန်ဝါးခြင်း၊ ပတ်ဝန်းကျင်တစ်ခွင်မှုန်မှိုင်းခြင်းကဲ့သို့ လေထုညစ်ညမ်းမှုကိုဖြစ်စေသည်။ ထိုသို့ လေထုညစ်ညမ်းမှုမြင့်မားလာခြင်းသည် သီးနှံများအထွက်နှုန်းကို လျော့ကျစေသည့်အပြင် အပင်များ၏ရှင်သန်မှုနှင့်ကြီးထွားမှုကို အနှောင့်အယှက်ဖြစ်စေခြင်းကြောင့် သီးနှံစိုက်ခင်းများ၊ သစ်တောသစ်ပင်များ ပျက်စီးပြုန်းတီးလာသည်။

လေထုအရည်အသွေးသည် ကမ္ဘာ့ရာသီဥတု၊ ကမ္ဘာလုံးဆိုင်ရာဂေဟစနစ်တို့နှင့် ဆက်နွယ်နေသည်။ ထို့ကြောင့် လေထုညစ်ညမ်းစေသည့်အရာများ လေထုထဲသို့ထုတ်လွှတ်သည့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်လာစေသည်။ လေထုညစ်ညမ်းလာသည့်အခါ လေထုထဲရှိ အိုဇုန်းဓာတ်ငွေ့က ရာသီဥတုကိုပူနွေးစေပြီး လေထုအတွင်းပျံ့နှံ့နေသည့် အမျိုးမျိုးသောဓာတုဒြပ်ပေါင်းအမှုန်များက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်တွင် လေထု ညစ်ညမ်းမှု ရှိ၊ မရှိကိုသိရှိနေရန်လိုအပ်သည်။ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည်ကို သိရှိရန်မှာ မိမိနေထိုင်ရာ၊ အလုပ်လုပ်ရာ အဆောက်အအုံတွင်း မွန်းကျပ်မှုခံစားရခြင်း၊ မကြာခဏနှာချေခြင်း၊ အလုပ်လုပ်နေစဉ် မျက်လုံးများ နီမြန်းခြင်း၊ ယားယံခြင်း စသည့်လက္ခဏာများ ခံစားရပါက ထိုအဆောက်အအုံအတွင်းနှင့် အဆောက်အအုံပြင်ပ၏ ပတ်ဝန်းကျင်လေထုညစ်ညမ်းနေကြောင်း သိနိုင်သည်။ ပတ်ဝန်းကျင်လေထုညစ်ညမ်းလာသည့်အခါ ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများမှာ ဦးနှောက်သွေးကြောပြတ်ခြင်း၊ အသည်းရောဂါ၊ အဆုတ်ကင်ဆာ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများစသည်တို့ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ လေ့လာမှုများတွင် ဖော်ပြချက်များအရ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် အရည်အသွေးညံ့ဖျင်းသောလေကို ရှူရှိုက်နေကြရကြောင်း သိရသည်။ ထို့ပြင် လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူ ခုနစ်သန်းခန့်သည် အရွယ်မတိုင်မီသေဆုံးနေကြရသည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုသည် ပေါ့ဆထား၍မရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်ရှိ လေထု၏ ညစ်ညမ်းမှုပမာဏကို လူသားများအနေဖြင့် သိရှိရန်လိုအပ်သည်။ ထိုသို့သိရှိထားမှသာ ကျန်းမာရေးပြဿနာများမဆိုးရွားစေရန် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ လေထုညစ်ညမ်းမှု အဆိုးဆုံးဖြစ်ပေါ်လေ့ရှိသည့် အချိန်ကာလမှာ ဆောင်းရာသီဖြစ်သည်။ ဆောင်းရာသီဖြစ်သော အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတို့တွင် အပူချိန်သည် တဖြည်းဖြည်းကျဆင်းလာပြီး လေတိုက်နှုန်းလည်းငြိမ်လေ့ရှိသည်။ ထိုအချိန်တွင် လယ်ခင်း၊ ယာခင်းများရှိ ရိုးပြတ်များကိုမီးရှို့သည့်အခါ ထွက်လာသောမီးခိုး၊ တောမီးလောင်ကျွမ်းမှုမှ ထွက်လာသော ပြာနှင့်မီးခိုး၊ ဖုန်မှုန့်နှင့် သဲမှုန့်များ၊ ယာဉ်များမှထွက်သော မီးခိုးစသည်တို့သည် ဆောင်းရာသီတွင် လေငြိမ်နေသည့်အတွက် အေးနေသော လေထုအတွင်း ပိတ်မိနေတတ်သည်။ ထို့ကြောင့် ဆောင်းရာသီတွင် လေထုညစ်ညမ်းမှု ပိုမိုမြင့်တက်လေ့ရှိသည်။

လေထုညစ်ညမ်းမှုများပါက လူသားတို့၏ ကျန်းမာရေးကို ထိခိုက်လာသည်သာမက လူမှုရေး၊ စီးပွားရေးတို့ကိုပါ ထိခိုက်စေနိုင်သည်ဖြစ်ရာ မိမိ၏အနီးပတ်ဝန်းကျင်မှသည် မိမိနိုင်ငံ၊ မိမိနေထိုင်ရာ ပတ်ဝန်းကျင်တွင် လေထုညစ်ညမ်းမှုဖြစ်ပွားခြင်းကို ကာကွယ်ရန် မိမိတို့တစ်ဦးချင်းစီ လုပ်ဆောင်နိုင်သော နည်းလမ်းများရှိသည်။ ထိုနည်းလမ်းများမှာ သစ်ပင်များစိုက်ပျိုးပေးခြင်း၊ ရှိပြီးသား သစ်ပင်နှင့်သစ်တောများကို ထိန်းသိမ်းခြင်း၊ ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုကို လျှော့ချခြင်း၊ အနံ့ဆိုးသော အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ဖြစ်သည်။

**ကိုးကား**

- Air pollution and your health by https://www.niehs.nih.gov/

**မေဇင်ထွန်း**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက ကွန်မြူနတီဒိုင်းပြိုင်ပွဲက လီဗာပူးအသင်းနဲ့ ချန်ပီယံရှစ်အဖွင့်ပွဲက လက်စတာအသင်းတို့ကို အားပေးရမှာပါ

M L




တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်ရာသီမစခင်မှာ ယှဉ်ပြိုင်ရတဲ့ ကွန်မြူနတီဒိုင်းပွဲစဉ်နဲ့ ချန်ပီယံရှစ်အဖွင့်ပွဲစဉ်တွေ ရှိနေတာကြောင့် အကြိတ်အနယ်ရှိတဲ့ပြိုင်ပွဲတွေကို ကြည့်ရှုရအုံးမှာ ဖြစ်ပါတယ်။ ကွန်မြူနတီဒိုင်းပြိုင်ပွဲကိုတော့ ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားရတဲ့အသင်းနဲ့ အက်ဖ်အေဖလား၊ ချန်ပီယံဆုဖလားရတဲ့အသင်းနှစ်သင်း ကစားခွင့်ရတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာတော့ လီဗာပူးအသင်းက ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားနဲ့ ပဲလေ့စ်အသင်းက အက်ဖ်အေဖလားရရှိခဲ့တာကြောင့် လက်ရှိကွန်မြူနတီဒိုင်းပွဲစဉ်မှာ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။ ကွန်မြူနတီဒိုင်းပြိုင်ပွဲကိုတော့ ၁၉၀၈ ခုနှစ်က စတင်ကျင်းပခဲ့တာဖြစ်ပြီး မန်ယူအသင်းက ချန်ပီယံ ၂၁ ကြိမ်နဲ့ အောင်မြင်မှုအများဆုံး ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိချန်ပီယံကတော့ မန်စီးတီးအသင်းဖြစ်ပြီး မန်စီးတီးအသင်းကတော့ ခုနစ်ကြိမ်ထိ ချန်ပီယံဖြစ်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့ညမှာ ကွန်မြူနတီဒိုင်းပြိုင်ပွဲနဲ့ ချန်ပီယံရှစ်အဖွင့်ပွဲစဉ်တွေထဲက နွေရာသီအပြောင်းအရွှေ့ကာလမှာ ကစားသမားဖြည့်တင်းမှုတွေ အကောင်းဆုံးပြုလုပ်ထားပြီး ကစားကွက်ပိုင်းထက်မြက်နေတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### လီဗာပူးအသင်း အနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ ပဲလေ့စ်အသင်းနဲ့ လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ပြီးခဲ့တဲ့မေလက ပရီးမီးယားလိဂ်ပြိုင်ပွဲမှာဖြစ်ပြီး တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းက ပွဲစကတည်းက ပဲလေ့စ်အသင်းရဲ့ဖိအားပေးမှုကိုခံရလို့ ပွဲချိန်ကိုးမိနစ်မှာ ဦးဆောင်ဂိုးပေးလိုက်ရပြီး နောက်ကလိုက်ကစားခဲ့ရပါတယ်။ ဒုတိယပိုင်းမှာ ကွင်းလယ်က ဂရာဗန်ဘာ့ချ် အနီကတ်နဲ့ထုတ်ပယ်ခံလိုက်ရတာကြောင့် ချေပဂိုးရဖို့အခွင့်အရေးနည်းသွားပေမဲ့ ပဲလေ့စ်အသင်းရဲ့ ခံစစ်အားပြုကစားနေမှုကို လီဗာပူးအသင်းက အခွင့်ကောင်းယူနိုင်ခဲ့လို့ ပွဲချိန် ၈၄ မိနစ်မှာ ဆာလာဟ် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ရမှတ်ခွဲယူခဲ့တာဖြစ်ပါတယ်။

လက်ရှိပဲလေ့စ်အသင်းဟာ နည်းပြဂလက်စ်နာ လက်အောက်မှာ ကစားပုံတိုးတက်လာသလို ကစားသမားတွေရဲ့ တစ်ယောက်ချင်းစွမ်းဆောင်ရည်ပိုင်းလဲ ထက်မြက်လာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီအမှတ်ပေးပွဲမှာ ရမှတ် ၅၃ မှတ်သာရရှိခဲ့လို့ အဆင့်(၁၂) မှာရပ်တည်နိုင်ခဲ့ပေမဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ မန်စီးတီးအသင်းကို နိုင်ပွဲရယူပြီး ဆုဖလားရခဲ့တာကြောင့် ကွန်မြူနတီဒိုင်းပွဲစဉ်ကို ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုအပြောင်းအရွှေ့ကာလမှာ ပီအက်ဗွီက ဂိုးသမားဘင်နီတက်ဇ်နဲ့ အေဂျက်အသင်းတောင်ပံကစားသမားဆိုဆာတို့နှစ်ယောက်သာခေါ်ယူနိုင်ခဲ့ပြီး အသင်းက ခြေစွမ်းပြကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူးမာတီတာ၊ ခံစစ်ပိုင်းက ဂူဟီ၊ ကွင်းလယ်က အက်ဇီတို့လို ကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ရာသီကြို ခြေစမ်းပွဲငါးပွဲကစားခဲ့ရာမှာတော့ မီဝေါလ်အသင်းကို တစ်ဂိုးဂိုးမရှိ၊ ကရေးဝမ်းဒါးအသင်းကို တစ်ဂိုးစီသရေ၊ ခရော်လေအသင်းကို သုံးဂိုးဂိုးမရှိ၊ အော့စ်ဘက်အသင်းကို သုံးဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့ပြီး ဒုတိယအကျော့မှာ အော့စ်ဘက်အသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။

အဲဒီပွဲစဉ်တွေမှာ နည်းပြဂလက်စ်နာဟာ ၃-၄-၂-၁ ကစားကွက်နဲ့ ပွဲထွက်ခဲ့ပြီး တိုက်စစ်မှာ မာတီတာ၊ နောက်ချန်တိုက်စစ်မှာ အက်ဇီနဲ့ အစ်မာလီယာဆားတို့ကို တွဲဖက်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်စစ်ပိုင်းမှာ အခြားကစားသမားတွေကို အစားထိုးအသုံးပြုတဲ့အခါမှာ အသင်းငယ်တွေကိုတောင် ဂိုးရဖို့ ရုန်းကန်နေရတာကိုတော့ သတိပြုရမှာပါ။ လက်ရှိပဲလေ့စ်အသင်းဟာ ပွဲထွက်လူစာရင်းတောင့်တင်းနေပေမဲ့ အဲဒီကစားသမားတွေ ဒဏ်ရာရသွားရင် ဖြည့်ကစားနိုင်မဲ့ ကစားသမားမရှိတာကြောင့် လီဗာပူးအသင်းလို ကစားသမားအင်အားတောင့်တင်းတဲ့အသင်းကိုတော့ ထိန်းချုပ်ကစားဖို့ခက်မှာပါ။

လီဗာပူးအသင်းဟာ ကွန်မြူနတီဒိုင်းပြိုင်ပွဲသမိုင်းမှာ မန်ယူအသင်းပြီးရင် ဒုတိယအောင်မြင်မှုအများဆုံးရထားတဲ့ အသင်းဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ကွန်မြူနတီဒိုင်းပြိုင်ပွဲ ၂၄ ကြိမ် ကစားခွင့်ရရှိခဲ့ရာမှာ ၁၆ ကြိမ်ထိ ချန်ပီယံဖြစ်ခဲ့တာကို တွေ့ရမှာပါ။ လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲမပြီးဆုံးခင်ကတည်းက ဆုဖလားရယူနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး လက်ရှိမှာ ကွန်မြူနတီဒိုင်းပွဲစဉ်ကို ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကတော့ အခုနှစ်မှာ ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆက်လက်ကာကွယ်ဖို့အတွက် အပြောင်းအရွှေ့ကာလမှာ ခံစစ်ကစားသမား ဖရင်ပေါင်၊ တိုက်စစ်မှူး ဖလိုရီယန်ဝစ်၊ တိုက်စစ်မှူး အီကီတီကီ၊ ခံစစ်ကစားသမားကာကက်ဇ်တို့လို ကစားသမားကောင်းတွေ ခေါ်ယူအားဖြည့်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲကိုတော့ ဟောင်ကောင်၊ ဂျပန်နိုင်ငံတို့ကိုသွားရောက်ခဲ့ပြီး ဟောင်ကောင်မှာတော့ အေစီမီလန်အသင်းကို လေးဂိုးနှစ်ဂိုးနဲ့ရှုံးပွဲကြုံခဲ့တာကို တွေ့ရမှာပါ။ ဂျပန်ခရီးစဉ်မှာတော့ ယိုကိုဟားမားအသင်းကို သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပေမဲ့ ခြေစွမ်းပိုင်းက ထင်သလောက်မကောင်းခဲ့ပါဘူး။ ဒါပေမဲ့ အင်္ဂလန်မှာကစားခဲ့တဲ့ ပရက်စတန်အသင်း၊ ဘီလ်ဘာအိုအသင်းတို့ကိုတော့ အနည်းဆုံး သွင်းဂိုးသုံးဂိုးသွင်းယူပြီး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်တွေမှာ နည်းပြစလော့ဟာ ကစားသမားသစ်တွေကို အထိုင်ကျအောင်ထည့်သွင်းအသုံးပြုခဲ့ပေမဲ့ ခြေစွမ်းပြသနိုင်ခဲ့ခြင်းမရှိသေးတာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ နည်းပြစလော့ဟာ ၄-၃-၃ ကစားကွက်နဲ့ ၄-၂-၃-၁ ကစားကွက်ကို အထိုင်ချကစားခဲ့ပြီး တိုက်စစ်ပိုင်းမှာ ဆာလာဟ်နဲ့ ဖလိုရီယန်ဝစ်ကို တွဲဖက်အသုံးပြုခဲ့ပါတယ်။ ၄-၃-၃ ကစားကွက်မှာ တိုက်စစ်ကို ဆာလာဟ်၊ ဖလိုရီယန်ဝစ်၊ ဂတ်ပိုတို့ ဦးဆောင်ခဲ့ပေမဲ့ ၄-၂-၃-၁ ကစားကွက်မှာတော့ တိုက်စစ်ကို အီကီတီကီ၊ နောက်ချန်တိုက်စစ်အဖြစ် ဆာလာဟ်၊ ဖလိုရီယန်ဝစ်၊ ဂတ်ပိုတို့ကို အသုံးပြုခဲ့တာကို တွေ့ရမှာပါ။ အဲဒီကစားကွက်မှာ ၄-၂-၃-၁ ကစားကွက်ဟာ ပြိုင်ဘက်ခံစစ်ကြောင်းကို ဖိအားပေးမှုအကောင်းဆုံးပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ကွင်းလယ်အားပြုကစားတဲ့ ပဲလေ့စ်အသင်းနဲ့တွေ့ဆုံနေတာကြောင့် လီဗာပူးအသင်းအနေနဲ့ ၄-၂-၃-၁ ကစားကွက်ကိုပဲ အသုံးပြုဖို့များနေပြီး ပြိုင်ဘက်ကို ထိန်းချုပ်နိုင်ဖို့ပြင်ဆင်လာမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ၂၇ ပွဲမှာတော့ လီဗာပူးအသင်းက ၁၈ ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးနဲ့အသာရထားသလို လက်ရှိကစားသမားစုဖွဲ့မှုမှာလဲ ပဲလေ့စ်အသင်းထက် ပိုကောင်းနေတာကြောင့် အဘက်ဘက်က သာလွန်နေတဲ့လီဗာပူးအသင်းပဲ အနိုင်ရသွားမှာပါ။

### ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၄ | - | ၂ | ဝုဗ် |
| လီဗာပူး | ၁ | - | ၁ | ပဲလေ့စ် |
| ခရော်လေ | ၀ | - | ၃ | ပဲလေ့စ် |
| ပဲလေ့စ် | ၃ | - | ၁ | အော့စ်ဘက် |
| ပဲလေ့စ် | ၀ | - | ၁ | အော့စ်ဘက် |

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပရက်စတန် | ၁ | - | ၃ | လီဗာပူး |
| လီဗာပူး | ၂ | - | ၄ | အေစီမီလန် |
| ယိုကိုဟားမား | ၁ | - | ၃ | လီဗာပူး |
| လီဗာပူး | ၄ | - | ၁ | ဘီလ်ဘာအို |
| လီဗာပူး | ၃ | - | ၂ | ဘီလ်ဘာအို |

### လက်စတာအသင်းကိုပဲ အားပေးရမှာပါ

ချန်ပီယံရှစ်ပြိုင်ပွဲအဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ လက်စတာအသင်းနဲ့ ရှက်ဖီး (W) အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်စတာအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ပရီးမီးယားလိဂ်ကို တန်းတက်ခွင့်ရရှိခဲ့ပေမဲ့ ခြေစွမ်းပြကစားသမားတွေ ခေါ်ယူဖြည့်တင်းနိုင်ခြင်းမရှိခဲ့လို့ ရာသီပိတ်သိမ်းချိန်မှာ ချန်ပီယံရှစ်ပြိုင်ပွဲကို ပြန်ဆင်းကစားခဲ့ရတာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းမှာ ခြေစွမ်းပိုင်းကောင်းတဲ့ ဂျိမ်းဂျက်စတင်၊ ဖေရက်စ်၊ အိုကိုလီ၊ ပါရဲရား၊ ဗက်စတာဂတ်၊ အန်ဒီဒီ၊ ဟယ်ရီဝင့်၊ အိုလီဗာစကစ်၊ ဖာတာဝူ၊ ဘော်ဘီရိန်၊ ဂျော်ဒန်အရူး၊ ပက်စတွန်ဒါကာတို့လို ကစားသမားတွေရှိနေတာကြောင့် ပရီးမီးယားလိဂ်ကို တန်းပြန်တက်နိုင်ဖို့ ကစားသမားအင်အားတောင့်တင်းတယ်လို့ဆိုရမှာပါ။ ရာသီကြိုခြေစမ်းပွဲခြောက်ပွဲမှာတော့ ကိုလုံးအသင်းကို ရှုံးခဲ့ပြီး ပီတာဘာရော့၊ လူဗန်၊ ဖီအိုရင်တီးနားစတဲ့အသင်းတွေကို နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ သူတို့အသင်းတိုက်စစ်က ပွဲတိုင်းဂိုးရခဲ့ပြီး ခံစစ်ကတော့ အနည်းငယ်အားနည်းနေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ရှက်ဖီး(W) အသင်းနဲ့ ငါးကြိမ်တွေ့ဆုံမှုမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အသာရထားတာကြောင့် အခုပွဲစဉ်မှာလဲ ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။

ရှက်ဖီး(W) အသင်းကတော့ ချန်ပီယံရှစ်ပြိုင်ပွဲမှာ ကစားသမားခေါ်ယူမှုမပြုလုပ်နိုင်တာကြောင့် အိမ်ဖြည့်အသင်းအနေနဲ့ ပါဝင်ကစားနေရတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာလဲ အမှတ်ပေးဇယား အဆင့် (၁၂) နေရာနဲ့ အဆုံးသတ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၆၉ ဂိုးထိ ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိအပြောင်းအရွှေ့ကာလမှာတော့ ကစားသမားငါးယောက်ခေါ်ယူထားပေမဲ့ အသင်းငယ်က ကစားသမားတွေသာဖြစ်နေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ရာသီအစပွဲစဉ်တွေမှာ အိမ်ကွင်းကစားပုံကောင်းပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ပေးဂိုးများခဲ့ပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အခုအဖွင့်ပွဲစဉ်မှာ လက်စတာအသင်းကို အဝေးကွင်းပွဲစဉ်ကစားမှာဖြစ်လို့ ပေးဂိုးများဖို့သေချာနေပြီး လက်စတာအသင်းရဲ့ သွင်းဂိုးတွေကိုသာ ရေတွက်ရမှာဖြစ်လို့ အနိုင်သေချာတဲ့ လက်စတာအသင်းကိုပဲ အားပေးရမှာပါ။

### လက်စတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လက်စတာ | ၂ | - | ၁ | လူဗင် |
| ဇာလေဂါရှက် | ၀ | - | ၁ | လက်စတာ |
| ကာပါတီ | ၁ | - | ၂ | လက်စတာ |
| ကိုလုံး | ၃ | - | ၁ | လက်စတာ |
| လက်စတာ | ၂ | - | ၀ | ဖီအိုရင်တီးနား |

### ရှက်ဖီး(w) အသင်းရဲ့နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရှက်ဖီး(w) | ၀ | - | ၁ | အောက်ဖို့ဒ် |
| စတုတ် | ၂ | - | ၀ | ရှက်ဖီး(w) |
| ရှက်ဖီး(w) | ၂ | - | ၁ | မစ်ဒယ်ဘရော့ |
| ရှက်ဖီး(w) | ၁ | - | ၁ | ပို့စ်မောက် |
| ဝက်ဖို့ဒ် | ၁ | - | ၁ | ရှက်ဖီး(w) |

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊**
**အဖွဲ့ဝင်များနှင့်**
**ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက် (၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။

**အခွန်အယူခံခုံအဖွဲ့နှင့်**
**အခွန်အယူခံခုံအဖွဲ့ရုံး ဝန်ထမ်းမိသားစုများ**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက် (၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းမိသားစုများ**
**ပညာရေးဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက် (၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး**
**ဒုတိယဝန်ကြီးနှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃)**

**ဝမ်းနည်းကြေကွဲခြင်း**


**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**



**လျှောင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ**

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။
၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။
၃။ ဆည်ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။
၄။ တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်အိအိမိုးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ မနောသုခဆန်သည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့်ဆန်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ မနောသုခဆန်တွေက အရည်အသွေးကောင်းပါတယ်။ ဒါကြောင့် အဆက်မပြတ် တင်ပို့နေရပါတယ်။ ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ဆန်အမျိုးအစားတွေထဲမှာ မနောသုခဆန်က အဝယ်လိုက်ခဲ့လို့ ဇူလိုင်လအတွင်း အိတ်ရေများများရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းကနေ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံ



ပိုင်ရှင်ဒေါ်အိအိမိုးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များအရောင်းအဝယ် ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကော့သောင်းမြို့နယ် စိုင်ဒင်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကော့သောင်း ဩဂုတ် ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘန်းကချွန်ကျေးရွာအုပ်စု စိုင်ဒင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူးနှင့် တာဝန်ရှိသူများက စိုင်ဒင်းကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရသည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်စွာဖြည့်သွင်းထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက RBF စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းအောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် မွေးမြူရေးလုပ်ငန်းများတွင် စနစ်တကျ မွေးမြူသွားကြရန် ဆွေးနွေးမှာကြားသည်။

စိုင်ဒင်းကျေးရွာတွင် အစုအဖွဲ့လေးဖွဲ့မှ မိသားစုဝင်ငွေတိုးလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့လုပ်အားထည့်ဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

**HỘI HỮU NGHỊ VIỆT NAM – MI-AN-MA**

**VIETNAM – MYANMAR FRIENDSHIP ASSOCIATION**

Ha Noi, August 7th, 2025

**MESSAGE OF CONDOLENCES**

The Chairman and members of the Vietnam – Myanmar Friendship Association are deeply sorry to hear about the passing of former Vice President and Acting President of the Republic of the Union of Myanmar U Myint Swe and would like to express our deepest sympathy to the members of Myanmar – Vietnam Friendship Association.

His Excellency U Myint Swe was a talented military leader and statesman who supported bilateral relations between Vietnam and Myanmar under his administration at every level.

We respectfully pay our sincere condolences to the bereaved family and the people of Myanmar during this difficult time.

**Mr. Chu Cong Phung**
Chairman
Vietnam – Myanmar Friendship Association

**မြန်မာ–ဗီယက်နမ် ချစ်ကြည်ရေးအသင်း**

**MYANMAR - VIETNAM FRIENDSHIP ASSOCIATION**

စာအမှတ်၊ အမ်ဗီ - ၀၀၁ / ၀၂
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

**အထူးဝမ်းနည်းကြောင်းထုတ်ပြန်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၇)ရက်နေ့ နံနက်(၈)နာရီ(၂၈)မိနစ်အချိန်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မြန်မာ–ဗီယက်နမ်ချစ်ကြည်ရေးအသင်းမှ အထူးဝမ်းနည်းခြင်းဖြစ်ရပါကြောင်း ထုတ်ပြန်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာ–ဗီယက်နမ်ချစ်ကြည်ရေးအသင်း

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅)
သင်တန်းဆင်း သူငယ်ချင်းများနှင့်မိသားစုများ

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့ဝင်များ
ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက် (၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် နံနက် ၈ နာရီ ၂၈ မိနစ်အချိန်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အသင်းကြီးမှ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက် (၇၅)နှစ်**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၏ခင်ပွန်းဖြစ်သူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါကြောင်း ဝမ်းနည်းဖွယ်သတင်းကိုကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပထမအကြိမ်
ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ
ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်
ဝန်ထမ်းမိသားစုများ
ကျန်းမာရေးဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီး
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်
ဝန်ထမ်းမိသားစုများ
အလုပ်သမားဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက် (၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ် (၂)တပ်မတော်ဆေးရုံကြီး(ခုတင် -၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊
ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊
ဥပဒေရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊
တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများနှင့် အဆင့်ဆင့်သော
ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက် (၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ**
**ဘဝမြှင့်တင်ရေးအသင်း (MWCDF)**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက် (၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**BOD အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် (၇-၈-၂၀၂၅)ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**စက်မှုဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇ - ၈ - ၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၏ခင်ပွန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် (၇-၈-၂၀၂၅)ရက်နေ့ (ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊**
**အမျိုးသားလွှတ်တော်ရုံးတို့မှ ဝန်ထမ်းမိသားစုများ**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၅ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ**
**ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစု**
**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ ဦးမြင့်ဆွေ**
**ယာယီသမ္မတ**
**အသက်(၇၅)နှစ်**

နေပြည်တော်ကောင်စီနယ်မြေနေ၊ ဒေါ်ခင်သက်ဌေး၏ ချစ်လှစွာသော ခင်ပွန်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့) နံနက် ၀၈:၂၈ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ နေပြည်တော်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ
မိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅) နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး
ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းမိသားစုများ
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊
ဝန်ထမ်းမိသားစုများ
ပြည်ထဲရေးဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစု
စွမ်းအင်ဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗဟိုအကြံပေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ
ဒုတိယဝန်ကြီးများနှင့်
ဝန်ထမ်းမိသားစုများ
နိုင်ငံခြားရေးဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး
ဝန်ထမ်းမိသားစုများ
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊
ဝန်ထမ်းမိသားစုများ
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)နှင့်ဇနီးဒေါ်မြမြစန်း
မိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး
ဝန်ထမ်းမိသားစုများ
ကာကွယ်ရေးဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်- ၁၀၀၀)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်ဇနီး၊
အဖွဲ့ဝင်များနှင့်
ဝန်ထမ်းမိသားစုများ

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်ဆန်း - ဒေါ်ကြည်ကြည်ဝင်း
ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
ပြန်ကြားရေးဝန်ကြီးဌာန

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

**ပြည်သူများ ကျန်းမာစေဖို့ ဆီစားသုံးမှု လျှော့ချစို့**

ဆီကို စားသုံးသင့်သည့်ပမာဏထက်ကျော်လွန်စားသုံးခြင်းနှင့်အရည်အသွေး မပြည့်မီသည့် ဆီများစားသုံး ခြင်းတို့ကြောင့်-
- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။








## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ Grade–5(C) တွင် ပညာသင်ကြားနေသော မထက်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင်အောင်ဖြစ်ပါကြောင်း။

**ဦးနိုင်နိုင်အောင်(၁၂/သကတ(နိုင်)၁၂၁၉၈၄)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အလကခွဲ (၂၂)၊ Grade–7(A)တွင် ပညာသင်ကြားနေသော မောင်ကောင်းစစ်ဟိန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမိုးဆွေဖြစ်ပါကြောင်း။ **ဦးမိုးဆွေ(၉/ပကခ(နိုင်)၀၉၀၄၀၂)**

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မျိုးချစ်ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ Grade–5 တွင် ပညာသင်ကြားနေသော (ဘ) ဦးရဲနိုင်လင်း၏သား မောင်လင်းပြည့်အောင်အား မောင်ဘုန်းလရောင် ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းလရောင်**

## ကျောင်းသူအမည်မှန်

မလှိုင်မြို့၊ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော ဦးဆန်းဘို (၈/ရစက(နိုင်)၀၉၅၄၃၉)၏သမီးဖြစ်သူ မဆုမြတ်စန္ဒီဘို၏ ကျောင်းသူအမည်မှန်မှာ မငွေချည်ညွန့်ဖြစ်ပါကြောင်း။ **မငွေချည်ညွန့်**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ဈေးတန်းရပ်ကွက်(၄၂)နေ မောင်စောရန်နိုင် (ဘ) ဦးအေးမင်းချို(၉/ကဆန(နိုင်)၂၆၇၅၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(PV–062699)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။**09–797515600**


# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်လို...
❖ ဈေးကွက်ရှိပြီးဖြစ်သည့်ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်လို...
❖ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၁၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal–AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။








ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

## တရားမဝင် သစ်မျိုးစုံ၊ ရေနံဓာတ်ငွေ့ရည်၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းအနီးရှိ "အောင်"ဂက်စ်အရောင်းဆိုင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရေနံဓာတ်ငွေ့ရည် (အရည်အပြည့်ပါ) ဆလင်ဒါ အလုံး ၂၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၉၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Geely Riddara RD6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Innogen Myanmar Co.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Midmay Group Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng NAMMI 01 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များကို တွေ့ရစဉ်။

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၈

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

### National Bank Open ပြိုင်ပွဲ ချန်ပီယံဆုကို အမ်ဘိုကို ဆွတ်ခူး

စာမျက်နှာ- ၈

### ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

စာမျက်နှာ- ၂၇

